# ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့၊ (7-6-2010) (၆၄၂၂)


# ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားမြင့်မားရေး အမျိုးသားယဉ်ကျေးမှုနှင့် လူ့တန်ဖိုးများကို လေးစားမြတ်နိုးရေး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေး လေ့ကျင့်ပျိုးထောင်ပေး

**နေပြည်တော် ဇွန် ၆**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်း အားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မား ရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## သတင်းအညွှန်း

### ရန်ကုန် - မြိတ် - ကော့သောင်းခရီးစဉ်

မြန်မာ့ ကြယ်ငါးပွင့်သင်္ဘော လုပ်ငန်းပိုင် ခရီးသည်ကုန်တင် သင်္ဘော မြစ်ကြီးနားခရီးစဉ် (၀၀၂)သည် ရန်ကုန်-မြိတ်-ကော့ သောင်းခရီးစဉ်ကို ဇွန် ၉ ရက် တွင် ရန်ကုန်မြို့ရှိ သာကေတ ဆိပ်ခံတံတားမှ ထွက်ခွာရန်စီစဉ်။

**စာမျက်နှာ - ၂**

### သီပေါတံတား

အရှည် ၅၉၆ ပေ၊ ကားလမ်း အကျယ် ၂၈ ပေ၊ လူသွားလမ်း ဝဲ/ယာ ငါးပေစီရှိ ကြိုးတင် အားဖြည့် ကွန်ကရစ်ရက်မ သံမဏိသံပေါင် ပင်မတံတား၊ သံကူကွန်ကရစ်ရက်မနှင့် သံကူ ကွန်ကရစ်ကြမ်းခင်းဖြစ်။

**စာမျက်နှာ - ၃**

### အင်္ဂါဂြိုဟ်ခရီးစဉ်

မားစ်-၅၀၀ စီမံကိန်းဟု အမည် ပေးထားသော ၁၈ လကြာ အင်္ဂါ ဂြိုဟ်ခရီးစဉ် ပုံစံတူ စမ်းသပ် လေ့ကျင့်မှု စတင်ခဲ့ပြီဖြစ်။

**စာမျက်နှာ - ၄**

### MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ

၂၀၁၀ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ဆက်လက် ကျင်းပရာ မကွေး F.C က ကမ္ဘောဇ အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဗထူး ကွင်းတွင် ဉဿာယူနိုက်တက်အသင်း က နေပြည်တော်အသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိ။

**စာမျက်နှာ - ၁၁**

သတင်းဆောင်းပါး - ဇော်ဝင်း(ကြေးမုံ) ❖ ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ) | အဆင်အပြင် - ကိုမင်း

**နွေနှောင်းရက်သို့ ဝင်ရောက်ခဲ့သော်ငြားလည်း ညဥ့်တာက တိုဆဲပင်။ နံနက် ၅ နာရီကျော်ကတည်းက မြင်ကွင်းမှာ ထင်းပြက်လာခဲ့ပြီဖြစ်သည်။ ခရေပင်လမ်းဆုံမှ ရန်ကုန်-မန္တလေးကားလမ်းကိုစုန်ကာ ကြေးမုံသတင်းအဖွဲ့ ခရီးပြင်းနှင်ခဲ့ကြသည်။ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေး၊ သာဝတ္ထိမြို့အဝင် ဆိုင်းဘုတ်များကို ချန်ရစ်ကာ ဦးတည်ရာသို့ ချဉ်းကပ်ခဲ့ကြသည်။**

လမ်းခရီးတစ်လျှောက် အစီအရီဖြစ်ထွန်းနေသော တည်ဆောက်ရေး ရပ်ဝန်းသစ်၏ အပြောကျယ်လှသော ကွန်ကရစ်တောကို တမေ့တမြောဖြတ်သန်းရင်း အတွေးနယ်ချဲ့မိသည်။ **"ဘိလပ်မြေ"...** တည်ဆောက်ရေးလုပ်ငန်း များစွာတို့၏ မရှိမဖြစ် ကုန်ကြမ်း။ ဤကုန်ကြမ်းလိုအပ်ချက်နှင့် ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်မှု အချိုးအဆမျှတပါ၏လော။ အတွေးစတို့ နံနက်ခင်းနေခြည်အောက်တွင် တစ်စစီ ပြန့်ကျဲသွား၍မဆုံးမီ တောင်စဉ်အေးရွာအလွန်တွင် မော်တော် ကားက လက်ဝဲဘက်သို့ ချိုးကွေ့သွားခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❑

၇-၆-၂၀၁၀
(တနင်္လာနေ့)

# ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထာဝစဉ်

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ယဉ်ကျေးမှုရှိသည်။ လူသားတို့မွေးဖွားကြီးပြင်းချိန်မှသည် သေဆုံးချိန်အတွင်း ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းများ၊ ပြောဆိုကြသော ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ လူမှုဆက်ဆံရေး၊ ရိုးရာဓလေ့ထုံးစံ၊ အတွေးအခေါ်၊ လက်မှုပညာနှင့် အနုသုခုမပညာရပ် စသည်တို့ လွှမ်းခြုံဖွဲ့စည်းထားခြင်း ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သည်။ ကိုယ်ပိုင်နယ်နိမိတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်ထိန်းသိမ်းလာခဲ့သည်ကို မြေပေါ်ယဉ်ကျေးမှု အမွေအနှစ်များက ညွှန်ပြနေသည်။ မြေအောက်မှ တူးဖော်ရရှိခဲ့သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များက ပိုမိုခိုင်မာသည့် အထောက်အထားများဖြစ်သည်။

မြို့ပြယဉ်ကျေးမှုများ ထွန်းကားခဲ့သည့် ဗိဿနိုး၊ တကောင်း၊ ဟန်လင်း၊ သရေခေတ္တရာ မြို့ဟောင်းများကို ရှာဖွေတူးဖော် သုတေသနပြုကြသည်။ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ပင်းတယမြို့ဟောင်းကို ဆက်လက်တူးဖော်လေ့လာလျက်ရှိသည်။ ယင်းသို့ ရှေးဟောင်းမြို့ပြများ တူးဖော်ရာမှ ရှေးဟောင်းအဆောက်အအုံများ၊ သမိုင်းဝင်ပစ္စည်းများ၊ ကျောက်စာ၊ ပေပုရပိုက်များ၊ လက်ဝတ်ရတနာများကို တွေ့ရှိနေဆဲဖြစ်သည်။

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတွင် ရှေးဟောင်းဘုရား စေတီပုထိုးပေါင်းများစွာကို ဖူးတွေ့နိုင်သည်။ နံရံဆေးရေးပန်းချီနှင့် ရှေးဟောင်းအဆောက်အအုံများရှိ အနုပညာလက်ရာများစွာကို လေ့လာတွေ့ရှိနိုင်ဆဲဖြစ်သည်။ ထို့အပြင် ပြည်သူများတွေ့ရှိ၍ နိုင်ငံတော်သို့ အပ်နှံကြသည့် ရှေးဟောင်းပစ္စည်းများလည်း များစွာရှိသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက **နိုင်ငံဂုဏ်ပြုယဉ်ကျေးမှု** ဆောင်ပုဒ်နှင့်အညီ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းလျက်ရှိသည်။ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ယိုယွင်းပျက်စီးဆုံးရှုံးသွားနိုင်သဖြင့် ယခုကဲ့သို့ ရှာဖွေဖော်ထုတ်အလေးထား ထိန်းသိမ်းစောင့်ရှောက်နေခြင်း ဖြစ်သည်။

နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သည့် မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေများသည် မြန်မာတို့၏ မျိုးရိုးဇာတိဂုဏ်ထည်ဝါမှုကို ဖော်ညွှန်းနေသည်။ မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားမှုကို သိမြင်နိုင်သည်။ ပြည်သူများအားလုံးက နိုင်ငံနှင့်လူမျိုးယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထား၍ ထာဝစဉ်ထိန်းသိမ်းကြခြင်းဖြင့် သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး ကြီးမားလှသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ ခိုင်ခံ့နေမည်ဖြစ်ပါသည်။ ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၆-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ စိုက်ပျိုးသုတ
၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၃၀ ၉။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား -Japan and Ghana
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူ့ရဲကောင်း (အပိုင်း-၁၈)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk Of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ (အပိုင်း-၁၃)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးသင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းနှင့် အားကစားလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

နေပြည်တော် ဇွန် ၆

**၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးသင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၄ ရက် ညနေ ၃ နာရီတွင် မန္တလေးမြို့ရှိ အားကစားနှင့် ကာယပညာသိပ္ပံ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ လေ့ကျင့်ရေးနည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် "သွေးသစ်လောင်းနိုင်မည့် ထူးချွန်သော မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး အထောက်အကူဖြစ်စေရန်" ဆိုသည့် ဦးတည်ချက်ကို လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)တွင် "အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေးသင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်း"ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ၂၀၀၂ ခုနှစ် ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုဆိုလျှင် နဝမအကြိမ် ပညာသင်နှစ်ကို ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ ဤသင်တန်းတွင် ပြည်နယ်နှင့် တိုင်းအသီးသီးက တိုင်းရင်းသား လူငယ်များ စုစည်းရွေးချယ်တက်ရောက်နေကြသဖြင့် တိုင်းရင်းသားအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် မွေးမြူနေထိုင်သွားကြစေလိုကြောင်း၊ အားကစား ထူးချွန်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အားကစားလူရည်ချွန်များအဖြစ် ရောက်ရှိစေရေးအတွက် အစွမ်းကုန်ကြိုးစားသွားကြပါဟု မှာကြားတိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက နည်းပြဆရာများအတွက် နည်းပြဝတ်စုံစရိတ်နှင့် ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံစရိတ်များကိုလည်းကောင်း၊ Youth Development Programme အစီအစဉ်အရ ထောက်ပံ့ပေးသည့် အားကစား အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)သို့ မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီက လှူဒါန်းငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးငွေအောင်ထံ ပေးအပ်သည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဦးရွှင်ချောက် (အေသုံးလုံးဘိလပ်မြေ)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးအောင်ဝင်းခိုင် (MCIC) ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ ဦးစိုးမြင့် (မန္တလာဆေးရုံ)နှင့် ဦးကျော်သက်လှိုင် (KT ဆောက်လုပ်ရေး)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးထွန်းအောင် (AMA မော်တော်ကားထုတ်လုပ်ရေး)နှင့် ဦးတင်ဝင်း (ကီးမား) တို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးသူရဦးအေးမြင့်က လက်ခံသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)သို့ တက်ရောက်ကြမည့် လူငယ်လူရွယ် အားကစားမောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)သို့ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ အလေးမ၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ ကျွမ်းဘား၊ ရေကူး၊ တင်းနစ်၊ တိုက်ကွမ်ဒို၊ ဂျူဒို စသည့် အားကစားနည်း ၁၂ မျိုးအတွက် သင်တန်းသား ၁၆၄ ဦး၊ သင်တန်းသူ ၁၂၁ ဦး စုစုပေါင်း ၂၈၅ ဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မေ ၂၆ ရက်က လမ်းမတော်မြို့နယ် (၁၁)ရပ်ကွက် လမ်းသစ်ရိပ်သာ၌ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် ဖုံး၊သွန်၊လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်နေမှုကို ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည် ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်ပြန်/ဆက်)

# မြစ်ကြီးနားသင်္ဘော ရန်ကုန်-မြိတ်-ကော့သောင်းခရီးစဉ် ထွက်ခွာမည်

**ရန်ကုန် ဇွန် ၆**

မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ခရီးသည်ကုန်တင်သင်္ဘော မြစ်ကြီးနား ခရီးစဉ်(၀၀၂)သည် ရန်ကုန်-မြိတ်-ကော့သောင်း ခရီးစဉ်ကို ဇွန် ၉ ရက်တွင် ရန်ကုန်မြို့ရှိ သာကေတဆိပ်ခံတံတားမှ ထွက်ခွာရန် စီစဉ်ထားသည်။

လိုက်ပါလိုသူများသည် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ခရီးသည်ဆောင်၌ သင်္ဘောလက်မှတ်များကို ဝယ်ယူနိုင်ပြီး အသေးစိတ်သိလိုသည်များကို ဖုန်း-၅၄၄၅၆၃နှင့် ၅၄၄၅၇၁ တို့သို့ စုံစမ်းကာ သင်္ဘောလက်မှတ်များကို ဇွန် ၃ ရက်မှစတင်၍ ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**ဖခင် ဦးသာပွဲ၊ မိခင် ဒေါ်ကြင်ကြင်နှင့် မောင်ဖြစ်သူ ဦးလှမြတ်သူ (ကိုညို) တို့အား ရည်စူး၍ သံလွင်လမ်း (ဝင်ဒါမီယာ) ဗဟန်းမြို့နယ်နေ သားသမီး၊ မောင်နှမ၊ မြေးတစ်စုတို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။**

(သံဃာ့ဆေးရုံ)

* ရှေ့ဖုံးမှ

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့် လက်ထောက် ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သည့် အမျိုးသားပညာရည် မြင့်မားမှုစွမ်းရည် တိုးတက်ခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတကာ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများအရ အနာဂတ်ကာလ၌ ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးအား အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာဖြင့် ရင်ဆိုင်နိုင်ရေးသို့ ဦးတည်သည့် အမျိုးသားပညာရည် မြင့်မားရေးအစီအစဉ်များကို ချမှတ်ပြီး မျိုးဆက်သစ်လူငယ်များအား ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

တစ်ကမ္ဘာလုံးဆက်စပ်ယှက်နွယ် ပြောင်းလဲနေသည့် ဖြစ်စဉ်နှင့်အညီ ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စေရေးအတွက် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား အသိပညာအခြေခံသည့် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် ပညာရေးကဏ္ဍတွင် ရည်မှန်းချက်ရှိရှိဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း။

ဤမျှော်မှန်းချက်များနှင့်အညီ အမျိုးသားပညာရည် မြင့်မားရေး နှစ်ရှည်စီမံကိန်းများကို ရေးဆွဲပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ နိုင်ငံသူနိုင်ငံသားတိုင်း ပညာတတ်မြောက်စေရေးနှင့် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေးအစီအမံများကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးမြှင့်တင်မှုအစီအစဉ်များနှင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)စီမံကိန်းတို့ကို ဆင့်ကဲဆင့်ကဲချမှတ်ပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို စနစ်တကျ ချိတ်ဆက်မှုဖြင့် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

## စီမံကိန်းအဆင့်ဆင့်

ယနေ့ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းအဆင့်ဆင့်သည် ကျောင်းသား၊ ကျောင်းသူ လူငယ်များအား မျက်မှောက်ကာလမှာရော အနာဂတ်ကာလမှာပါ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ ရရှိစေရုံသာမက ကိုယ်ပိုင်ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများ၊ လူမှုတန်ဖိုးများကိုပါ လေးစားမြတ်နိုးထိန်းသိမ်းမြှင့်တင်လိုသော စိတ်ဓာတ်စွမ်းအားများကိုပါ ယှဉ်တွဲတည်ဆောက်ပေးနေသည့် အစီအမံများလည်းဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် လူ့တန်ဖိုးများကို လေးစားမြတ်နိုးရေး၊ မိမိရပ်ရွာ၊ မိမိဒေသကအစပြုပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးလိုသော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေးတို့အတွက်ပါ စေတနာထားလေ့ကျင့်ပျိုးထောင်ပေးကြရန်လိုအပ်ကြောင်း။

ပညာမည်မျှပင်တတ်မြောက်ပါစေ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်မရှိခဲ့ပါလျှင် တိုင်းတစ်ပါးကို မှီခိုပြီး မိမိတိုင်းပြည်နစ်မွန်းအောင်၊ ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားအောင် အဖျက်လုပ်ရပ်များကို လုပ်ဆောင်တတ်ကြသည့်သာဓကများလည်း ရှိခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများကိုယ်တိုင် နိုင်ငံတော်အပေါ် အားထားယုံကြည်သည့် စိတ်ဓာတ်၊ နိုင်ငံ့ အကျိုးအတွက် မိမိတို့တတ်စွမ်းသောကဏ္ဍမှ စွမ်းဆောင်ပေးလိုသည့် စိတ်ဓာတ်များ ပြည့်ဝခိုင်မာနေစေရန် အရေးကြီးကြောင်း၊ ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝခိုင်မာမှသာ အခြေအနေအချိန်အခါအမျိုးမျိုးတွင် နိုင်ငံတော်အကျိုးအတွက် ရပ်တည်ချက်မှန်ကန်စွာဖြင့် စွမ်းဆောင်ပေးနိုင်ကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ ပြည်သူများအကျိုး ဦးတည်ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်၏မူဝါဒနှင့် အမျိုးသားရေးမျှော်မှန်းချက်များကို မိမိတို့တာဝန်ကျရာဒေသရှိ ပြည်သူများ ရှင်းလင်းစွာသိရှိအောင်၊ ကျောင်းသား၊ ကျောင်းသူလူငယ်များ သိမြင်သဘောပေါက်အောင်၊ အထူးသဖြင့် အပြုသဘောနှင့် အဖျက်သဘော၊ အကျိုးနှင့် အပြစ်၊ တည်ဆောက်သူနှင့် ဖျက်ဆီးသူတို့၏ ကွဲပြားခြားနားမှုသဘာဝများကို သိမြင်နားလည်စေရေး ဦးဆောင်စည်းရုံးသွားကြရန် မှာကြားလိုကြောင်း။

ယနေ့ခေတ်ကာလတွင် အမျိုးသားပညာရည်မြင့်မားမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး ရှင်သန်တိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးသည်လည်း ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် အဓိကအသက်သွေးကြော ဖြစ်သည်ကို လေးလေးနက်နက်ခံယူပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် ရည်မှန်းချက်ရှိရှိဖြင့် မိမိတို့၏ပညာရေးဆိုင်ရာတာဝန်ဝတ္တရားများကို အမျိုးသားရေးတာဝန်အဖြစ် ခံယူ ကြိုးပမ်းထမ်းဆောင်သွားကြရမှာ ဖြစ်ကြောင်း။

## ကျေပွန်စွာထမ်းဆောင်

အခုကဲ့သို့ ပညာရေးကို အဓိကမဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို တည်ဆောက်နေသည့် အခြေအနေအချိန်အခါမျိုးတွင် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ ဆရာကောင်းတစ်ဦး၏ ကျင့်ဝတ်တာဝန်များကို လိုလိုလားလားနှင့် တက်ကြွစွာထမ်းဆောင်လိုသောစိတ်ဓာတ်၊ ထိရောက်ပီပြင်သည့် စွမ်းဆောင်ရည်များကို အစဉ်အမြဲ ရှင်သန်ထက်မြက်နေစေရေးအတွက် မိမိတို့ကိုယ်မိမိ လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံ့တာဝန်၊ ပညာရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဤမူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တန်းတူရည်တူရှိမှု၊ မျှတစွာ ဖွံ့ဖြိုးတိုးတက်မှု၊ အစဉ်ထာဝရ ပေါင်းစည်းလက်တွဲမှုတို့ကို ရေရှည်အာမခံချက်ပေးနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်လည်း ပေါ်ထွန်းခဲ့ပြီဖြစ်ကြောင်း။

ပေါ်ထွန်းလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မူဝါဒလမ်းစဉ် (၇)ရပ်၏ ပဉ္စမအဆင့် ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ခဲ့ပြီးလည်းဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ်ကို အဆင့်ဆင့် ဖော်ဆောင်နေခြင်းသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ရည်မှန်းကြိုးပမ်းနေခြင်းဖြစ်သည့်အတွက် ဆရာ၊ ဆရာမများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သိမြင်ခံယူပြီး မိမိတို့ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းသွားကြရန်မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မျိုးဆက်သစ်လူငယ်များ၏ ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေး၊ နိုးကြားတက်ကြွသည့်အားမာန်များကို ခေတ်မီနည်းပညာသစ်များ ကျွမ်းကျင်တတ်မြောက်မှုနှင့် ပေါင်းစပ်ပြီး အမျိုးသားရေးအကျိုးစီးပွားအတွက် ရပ်တည်ကြိုးပမ်းသူများအဖြစ် ပြုစုပျိုးထောင်သွားကြရန်၊ မိမိတို့တစ်ဦးချင်းအနေဖြင့်လည်း အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းအတွက် စွမ်းဆောင်ရည် ပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ရပ်တည်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

## ဆုများပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသား စံပြဆုရကျောင်းသား အမှတ်(စီ-၉၇) ဦးသိန်းဇော်ဦး(လက်ထောက်ကထိက၊ အစိုးရစက်မှုလက်မှုသိပ္ပံ-ဟားခါး၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)နှင့် သင်တန်းသူစံပြဆုရ ကျောင်းသားအမှတ်(ဘီ-၁၁၂) ဒေါ်ဖွေးဖွေးအောင် (နည်းပြ၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန) တို့အား လည်းကောင်း၊ သင်တန်းသားဖွဲ့လုံ့လဆုရ ကျောင်းသား အမှတ်(စီ-၁၁၀) ဦးကျော်ကျော်မိုး (လက်ထောက်ကထိက၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန)၊ သင်တန်းသူဖွဲ့လုံ့လဆုရ ကျောင်းသားအမှတ်(အေ-၂၁၅) ဒေါ်နန့်ဖွားစိုးလေး (လက်ထောက်ကထိက၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့)နှင့် ကျောင်းသားအမှတ်(အေ-၁၅၅) ဒေါ်တင်တင်ခိုင် (ကထိက၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) တို့အား လည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသားတပ်ခွဲ အမျိုးသားအမှတ်(၁) တပ်ခွဲ၊ အဆောင်(၁)နှင့် သင်တန်းသူတပ်ခွဲ အမျိုးသမီးအမှတ်(၅)တပ်ခွဲ အဆောင်(၈)တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင် အသီးသီးတို့အား ပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်း တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ သင်တန်းသား ၁၁၄ ဦး၊ သင်တန်းသူ ၄၂၈ ဦး စုစုပေါင်း ၅၄၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သီပေါတံတား တည်ဆောက်နေမှု ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော်    ဇွန်    ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ယမန်နေ့နံနက်ပိုင်းတွင် သီပေါမြို့ သီပေါတံတား တည်ဆောက်ရေးတံတားလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက အရှည် ၅၉၆ ပေ၊ ကားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းဝဲ/ယာ ငါးပေစီရှိ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ သံမဏိသံပေါင် ပင်မတံတား၊ သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်သည့် ချဉ်းကပ်တံတား တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းပြီးစီးမှု၊ စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် လားရှိုးဘက် ကမ်းကပ်ခုံမှ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်သံပေါင်များ အမြန်ရရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# RMGCC ဒုတိယအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန်    ဇွန်    ၆**

Royal Mingalardon Golf & Country Club မှ ကြီးမှူးစီစဉ်သော RMGCC လစဉ်အပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယအကြိမ်ပြိုင်ပွဲကို ဇွန် ၂၇ ရက် (တနင်္ဂနွေ)နေ့တွင် အပျော်တမ်း ဂေါက်သီးရိုက်ကစားသမားများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရွှင်ရယ်မင်္ဂလာဒုံကွင်း၏ ဟင်းဒီးကက်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အပျော်တမ်းကစားသမားများအနေဖြင့် ရွှင်ရယ်မင်္ဂလာဒုံကွင်းတွင် သုံးကြိမ်ကစားပြီး မိမိရိုက်ချက်မှတ်တမ်း ကြိုတင်တင်သွင်းရမည်ဖြစ်သည်။ အနိုင်ရရှိသူအား Monthly Champion ဆုဖလားနှင့် ဆုပစ္စည်း ချီးမြှင့်မည်ဖြစ်ပြီး အခြားပြိုင်ပွဲဝင်ဆုများကိုလည်း ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသဖြင့် ဇွန်လဆန်းမှ စတင်၍ ဖုန်း-၀၁-၆၃၉၄၄၅၊ ၆၃၉၄၄၆နှင့် ၆၃၉၄၄၇ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# မော်လမြိုင်မြို့နယ် သစ်ပင်စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန်    ဇွန်    ၆**

မွန်ပြည်နယ် သစ်တောဦးစီးဌာန၏ စီမံကြီးကြပ်မှုဖြင့် ၂၀၁၀ ခုနှစ် မိုးရာသီတွင် မော်လမြိုင်မြို့နယ်၌ လူတစ်ဦး ကျွန်းတစ်ပင်၊ တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာယူကလစ်ပင် ၂၀၊ ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧက စိုက်ပျိုးရန် ကျေးရွာဥက္ကဋ္ဌများသို့ တာဝန်ပေးအပ်ပွဲကို မေ ၇ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဆန်းမြင့်နှင့် သစ်တောဦးစီးအရာရှိ ဦးထွန်းအေးတို့က ၂၀၁၀ ခုနှစ် မိုးရာသီတွင် သတ်မှတ်ထားသည့် အတိုင်း အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များက တာဝန်ယူ ဆောင်ရွက်ပေးကြရန်နှင့် စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်၊ အချိန်ရာသီအလိုက် ဌာနအပိုင်း၊ ကျေးရွာအပိုင်းတို့က တာဝန်ယူဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားကြသည်။

## စိုက်ပျိုးရန်စီမံ

၂၀၁၀ ခုနှစ် မိုးရာသီတွင် မော်လမြိုင်မြို့နယ်ရှိ ငန်းတေး၊ ဇေယျာမြိုင်၊ ရွှေမြိုင်သီရိ၊ မြိုင်သာယာ၊ ကတိုး၊ ကော့တွန်၊ ကော့စိန်၊ ကော့လှာနှင့် ကော့ပေါက် ကျေးရွာများ၌ ပျိုးပင်ပေါင်း ၂၆၅၄၀ စိုက်ပျိုးရန် မြို့နယ်သစ်တောဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

**ရန်ကုန်    ဇွန်    ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဇွန် ၅ ရက် နံနက်ပိုင်းတွင် တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း မိုင်တိုင်အမှတ်(၁၈/၀)ရှိ လမ်းစခန်းရှင်းလင်းဆောင်အနီး၌ (Camber Board) လျှောစောင်းချိန်ကိုက်တံနှင့် ရေချိန်အသုံးပြု၍ လမ်းအင်္ဂါရပ် ပြည့်မီစေရန် လမ်းခင်းကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း၌ လမ်းခင်းကြိတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(ဆောက်လုပ်ရေး)

ဆိုင်ကလုန်းမုန်တိုင်း ဖက်သ် မဝင်ရောက်မီ ပါကစ္စတန်ကမ်းရိုးတန်းဒေသ၌ လှိုင်းများ စတင်ရိုက်ခတ်လာသည်ကို ကြည့်ရှုနေကြသူများအား ဇွန် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဂါဇာထောက်ပံ့ရေးသင်္ဘော အစ္စရေးဖမ်းဆီး

**ဂျေရုဆလင် ဇွန် ၆**

အစ္စရေးရေတပ်က ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စုကို အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့ပြီး ငါးရက်အကြာ စနေနေ့တွင် ယင်းဒေသသို့ ဦးတည်ခုတ်မောင်းနေသော ဂါဇာထောက်ပံ့ရေးသင်္ဘော ရာချယ်ကိုရီကို အစ္စရေးတပ်ဖွဲ့က ထပ်မံဖမ်းဆီးခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားခဲ့သည်။

သင်္ဘောသားများနှင့် ခရီးသည်များ၏ ခုခံမှု တစ်စုံတစ်ရာမျှမရှိဘဲ အစ္စရေးတပ်ဖွဲ့က သင်္ဘောပေါ်သို့ တက်ရောက်ထိန်းချုပ်ခဲ့ကြောင်း အစ္စရေးအစိုးရ ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ရာချယ်ကိုရီသင်္ဘောကို အစ္စရေးနိုင်ငံတောင်ပိုင်း အက်ရှ်ဒေ့ါဆိပ်ကမ်းသို့ ဆွဲယူသွားကြောင်း သတင်းများတွင် ဖော်ပြသည်။

ပိတ်ဆို့ခံထားရသော ဂါဇာသူ၊ ဂါဇာသားများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၁၀၀၀ တင်ဆောင်လာသည့် ရာချယ်ကိုရီသင်္ဘောသည် အက်ရှ်ဒေ့ါဆိပ်ကမ်းသို့ လမ်းကြောင်းပြောင်း ခုတ်မောင်းရန် အစ္စရေးတို့၏ ညွှန်ကြားချက်ကို စောစော ပိုင်းက ငြင်းဆိုခဲ့သည်။

ရာချယ်ကိုရီသင်္ဘောပေါ်တွင် လိုက်ပါလာသော ပါလက်စတိုင်းအရေးလှုပ်ရှားသူများကို အစ္စရေးအာဏာပိုင်များက တနင်္ဂနွေနေ့တွင် ပြည်နှင်ဒဏ်ပေးမည်ဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အိုမန်တွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ၂၄ဦး သေဆုံး

**မတ်စကက် ဇွန် ၆**

အိုမန်နိုင်ငံအတွင်း ဆိုင်ကလုန်းမုန်တိုင်း ဖက်သ် တိုက်ခတ်ခဲ့ရာ ၂၄ဦး သေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ယခုအခါ မုန်တိုင်းသည် ပါကစ္စတန်နိုင်ငံဆီသို့ ဦးတည်ရွေ့လျားလျက် ရှိကြောင်း မြို့ပြကာကွယ်ရေးအဖွဲ့ အကြီးအကဲက စနေနေ့တွင် ပြောကြားသည်။

မုန်တိုင်းဒဏ်ကြောင့် နိုင်ငံခြားသားသုံးဦး အပါအဝင် ၂၄ဦး သေဆုံးကြောင်း အိုမန်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖက်သ် မုန်တိုင်းသည် သောကြာနေ့တွင် အားပျော့သွားပြီး ပါကစ္စတန်နိုင်ငံသို့ တစ်နာရီလျှင် ၇၅မိုင်နှုန်းဖြင့် ဦးတည်ရွေ့လျားနေကြောင်း အာဏာပိုင်များက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အာဖဂန်နစ္စတန်တွင် ဗုံးပေါက်ကွဲ ခြောက်ဦးသေဆုံး

**ကဘူး ဇွန် ၆**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းနှင့် မြောက်ပိုင်းတွင် တနင်္ဂနွေနေ့က လမ်းဘေးထောင်ဗုံးများ ပေါက်ကွဲမှု ကြောင့် လူခြောက်ဦး သေဆုံးပြီး ၁၁ ဦးခန့် ဒဏ်ရာရရှိသွားကြောင်း သတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ကန်ဒုဇ်ပြည်နယ် ခါနာဘက်ခရိုင်တွင် အစိုးရကို လိုလားသော လူမှုရေးနယ်ပယ်၌ ထင်ရှားသူတစ်ဦးနှင့် ၎င်း၏မိတ်ဆွေနှစ်ဦး စီးနင်းလိုက်ပါလာသောကားကို စစ်သွေးကြွများက လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ သုံးဦးစလုံး သေဆုံးသွားကြောင်း ခါနာဘက်ခရိုင် အုပ်ချုပ်ရေးမှူးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ သွေးထွက်သံယိုဖြစ်ရပ်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်က ဖြစ်ပွားခဲ့သည်ဟုဆိုသည်။

ထိုနေ့နံနက်ပိုင်းမှာပင် တာလီဘန်တို့ကြီးစိုးသော ကန်ဒါဟာပြည်နယ်တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် သုံးဦးသေဆုံးသွားရသည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ပါကစ္စတန်တွင် ဖက်သ်ဆိုင်ကလုန်းမုန်တိုင်းအကြို မိုးသက်မုန်တိုင်းတိုက်ခတ်၍ ၃၇ ဦးသေဆုံး

ကရာချိ ဇွန် ၆

**ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် မိုးသက်မုန်တိုင်း ပြင်းထန်စွာတိုက်ခတ်ရာ အနည်းဆုံး ၃၇ ဦး သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိကြောင်း သတင်းဌာနများက စနေနေ့တွင် ဖော်ပြသည်။**

ပြည်နယ်မြို့တော် လာဟိုးမြို့သည် မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရပြီး ကလေး ခြောက်ဦး အပါအဝင် ၁၁ ဦး သေဆုံးခဲ့ရသည်။ ရှိခူပူရာခရိုင်တွင် ခုနစ်ဦး သေဆုံးပြီး ၆၀ ဒဏ်ရာရရှိခဲ့သည်။ ပန်ဂျပ်ပြည်နယ်၏ အခြားခရိုင်များတွင် ၁၉ ဦး သေဆုံးခဲ့သည်။

သေဆုံးသူအများစုသည် အိမ်ခေါင်မိုးများ၊ နံရံတံတိုင်းများ ပြိုကျခြင်းကြောင့် ဖြစ်သည်။ တစ်နာရီလျှင် ၉၃ ကီလိုမီတာ အရှိန်ဖြင့် တိုက်ခတ်သောလေသည် သစ်ပင်များကို အမြစ်မှ ကျွတ်ထွက်စေပြီး လျှပ်စစ်ဓာတ်အားလိုင်းများကို ဖျက်ဆီးခဲ့သောကြောင့် ပန်ဂျပ် ပြည်နယ်တွင် နာရီပေါင်းများစွာ လျှပ်စစ်မီးပြတ်တောက်သွားသည်ဟု နယူးစ်အင်တာနေရှင်နယ် သတင်းစာက ဖော်ပြသည်။

အိုမန်နိုင်ငံ ကမ်းရိုးတန်းတွင် သောကြာနေ့က တိုက်ခတ်ခဲ့သော ဖက်သ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်လာမည့် အန္တရာယ်ကို ကာကွယ်ရန် အိန္ဒိယနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများ၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်စဉ်အတွင်း အဆိုပါ မိုးသက်မုန်တိုင်း တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ မှ ၁၂၀ အထိ လေတိုက်နှုန်းရှိသော ဖက်သ် ဆိုင်ကလုန်းမုန်တိုင်းသည် ဘလူချီစတန်ပြည်နယ်နှင့် ကရာချိမြို့တော်အနီးသို့ တနင်္ဂနွေနေ့တွင် ဝင်ရောက်မည်ဟု မျှော်လင့်ရကြောင်း ပါကစ္စတန် မိုးလေဝသဌာန၏ အဆိုအရ သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဇွန် ၆ ရက်က ဗုံးပေါက်ကွဲပြီးနောက် မြင်ကွင်းကို တွေ့ရစဉ်။** [ယင်း ဗုံးပေါက်ကွဲမှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင် လေး ဦး သေဆုံးခဲ့ရသည်။]

(ဓာတ်ပုံ-အင်တာနက်)

# အယ်လ်ခိုင်ဒါအကျဉ်းသားများ ပြန်လွတ်ရေး ဆော်ဒီတော်ဝင်မိသားစုကို ဓားစာခံလုပ်ရန်ကြံစည်နေ

**ကိုင်ရို ဇွန် ၆**

ကြာသပတေးနေ့က ထွက်ပေါ်လာသော အသံသွင်းတိပ်ခွေတစ်ခွေအရ ယီမင် အယ်လ်ခိုင်ဒါထိပ်တန်းခေါင်းဆောင်တစ်ဦးက ဆော်ဒီတော်ဝင်မိသားစုဝင်များကို ပြန်ပေးဆွဲရန် အယ်လ်ခိုင်ဒါအဖွဲ့ကိုထောက်ခံသူများအား တိုက်တွန်းဆော်ဩခဲ့ကြောင်း သိရသည်။

အယ်လ်ခိုင်ဒါအုပ်စုဝင် အမျိုးသမီးတစ်ဦးကို ဆော်ဒီအာရေဗျအာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းကြောင့် ယင်းသို့ လှုံ့ဆော်ခဲ့ခြင်းဖြစ်ကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြထားသည်။

ဆော်ဒီတော်ဝင်မိသားစုဝင်များကို ဓားစာခံအဖြစ်အသုံးပြု၍ ဒေသတစ်ဝန်း ဖမ်းဆီးအကျဉ်းချခံထားရသော အယ်လ်ခိုင်ဒါထောက်ခံသူများ ပြန်လွတ်လာစေရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၁၉မိနစ်ကြာ အသံသွင်းတိပ်ခွေထဲတွင် အာရေဗျကျွန်းဆွယ် အယ်လ်ခိုင်ဒါအဖွဲ့၏ လက်ထောက် ခေါင်းဆောင် ဆာအစ်-အယ်လ်-ရှာရီက ပြောကြားသည်။

ယီမင် အယ်လ်ခိုင်ဒါတို့၏ ရည်ရွယ်ချက်သည် ဆော်ဒီအာဏာပိုင်များက ဖမ်းဆီးခဲ့သည့် ဟီလာ-အယ်လ်-ကတ်ဆာဟူသော အယ်လ်ခိုင်ဒါသစ္စာခံ ဆော်ဒီအမျိုးသမီးတစ်ဦး ပြန်လွတ်လာစေရေးကို အဓိကထားသည်ဟုဆိုသည်။ ယင်းအမျိုးသမီးသည် ယီမင်အယ်လ်ခိုင်ဒါအဖွဲ့အတွက် ရန်ပုံငွေစုဆောင်းပေးသူဟုယူဆရသည်။

အာရေဗျကျွန်းဆွယ် အယ်လ်ခိုင်ဒါအဖွဲ့ခေါ် ယီမင်အယ်လ်ခိုင်ဒါအုပ်စုသည် ဆော်ဒီစစ်သွေးကြွများနှင့် ယီမင်စစ်သွေးကြွများ ပေါင်းစည်းမိရာမှ ၂၀၀၉ခုနှစ်တွင် စတင်ပေါ်ထွက်လာသည့် အဖွဲ့ဖြစ်သည်။ ***အင်တာနက်။***

# ကန်ဒါဟာပြည်နယ်၌ ဗုံးပေါက်ကွဲ၍ တစ်ဦးသေ၊ ၁၄ ဦး ဒဏ်ရာရ

**ကန်ဒါဟာ ဇွန် ၆**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့ ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး၏ အပြင်ဘက်တွင် စနေနေ့၌ ဗုံးတစ်လုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အနည်းဆုံး အရပ်သား ၁၄ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများကပြောကြားသည်။

**ချည်နှောင်**

ဗုံးပေါက်ကွဲချိန်၌ အုပ်ချုပ်ရေးမှူးမှာ ရုံးခန်းအတွင်း၌ မရှိဟုဆိုသည်။ ပြည်နယ် အုပ်ချုပ်ရေးမှူး နေထိုင်၍ အလုပ်လုပ်သောဝင်း၏ အပြင်ဘက်လမ်းပေါ်တွင် မော်တော်ဆိုင်ကယ်တစ်စီး၌ ဗုံးချည်နှောင်ထားပြီး နေ့လယ်ပိုင်းတွင် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ကန်ဒါဟာမြို့ရဲတပ်ဖွဲ့ အကြီးအကဲ ဆာဒါမိုဟာမက်ဇိုင်းက ပြောကြားသည်။

ဒဏ်ရာရသူ ၁၄ဦးတွင် ကလေးငါးဦး ပါဝင်ကြောင်း၊ ဒဏ်ရာရသူများအနက် လေးဦးမှာ စိုးရိမ်ဖွယ်ရာ အခြေအနေရှိကြောင်း အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

# ၁၈လကြာ အင်္ဂါဂြိုဟ်ခရီးစဉ် ပုံစံတူလေ့ကျင့်မှု ရုရှား၌စတင်

**မော်စကို ဇွန် ၆**

မားစ်-၅၀၀ စီမံကိန်းဟု အမည်ပေးထားသော ၁၈လကြာ အင်္ဂါဂြိုဟ်ခရီးစဉ် ပုံစံတူစမ်းသပ်လေ့ကျင့်မှုတွင် အာကာသယာဉ်မှူးများအဖြစ် ပါဝင်အစမ်းသပ်ခံမည့် ခြောက်ဦးပါ နိုင်ငံတကာ သုတေသနပညာရှင်များအဖွဲ့သည် ဇွန် ၃ရက်က ၎င်းတို့၏ စမ်းသပ်လေ့ကျင့်မှုကို စတင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသားသုံးဦး၊ ဥရောပတိုက်သား နှစ်ဦးနှင့် တရုတ်နိုင်ငံသားတစ်ဦးတို့ပါဝင်သော အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့ ဆေးပညာနှင့် ဇီဝဗေဒဆိုင်ရာ သိပ္ပံရှိ အလုံပိတ်သံမဏိပြွန်ကြီးထဲတွင် ရက်ပေါင်း ၅၂၀နေထိုင်ကြရမည်ဖြစ်သည်။ ၎င်းတို့၏ ပြင်ပကမ္ဘာနှင့်တစ်ခုတည်းသော အဆက်အသွယ်သည် အင်တာနက်ဖြစ်ပြီး အာကာသခရီးစဉ်များတွင် ဖြစ်လေ့ဖြစ်ထရှိသည့် ပုံစံအတိုင်း အင်တာနက် ကြန့်ကြာမှုနှင့် ရံဖန်ရံခါ ပြတ်တောက်မှုကိုလည်း ကြုံရမည်ဖြစ်သည်။

မားစ်-၅၀၀ စီမံကိန်း၏ ရည်ရွယ်ချက်သည် အချိန်ကာလအလွန်ကြာမြင့်သော အာကာသခရီးစဉ်အတွင်း ဖြစ်ပေါ်တတ်သည့် အာကာသယာဉ်မှူး၏ စိတ်ဖိစီးမှု၊ ငြီးငွေ့မှုစသည့် အခြေအနေများကို ထိန်းချုပ်ကျော်လွှန်နိုင်ရေးအတွက် အဖြေရှာရန်ဖြစ်သည်။

အဆိုပါစီမံကိန်းကို ရုရှားဆေးပညာနှင့် ဇီဝဗေဒဆိုင်ရာသိပ္ပံ၊ ဥရောပအာကာသအေဂျင်စီနှင့် တရုတ် အာကာသလေ့ကျင့်မှုဌာနတို့က ပူးပေါင်းဖော်ဆောင်ပြီး အင်္ဂါဂြိုဟ်ခရီးစဉ်အစစ်နှင့်မခြား တူနိုင်သမျှတူစေရန် ဖန်တီးထားသည်။

***အင်တာနက်။***

**အင်္ဂါဂြိုဟ်ခရီးစဉ် ပုံစံတူ လေ့ကျင့်မှုတွင် အာကာသယာဉ်မှူးများအဖြစ် ပါဝင်အစမ်းသပ်ခံမည့်သူများ ရက်ပေါင်း ၅၂၀ကြာ ပြင်ပလောကနှင့် ကင်းကွာ၍ နေထိုင်ကြရမည့် အလုံပိတ် သံမဏိပြွန်ကြီးကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# တူရကီနိုင်ငံအရှေ့ပိုင်းတွင် ဘိန်းဖြူ ၅၁ ကီလိုဂရမ် သိမ်းဆည်းရမိ

**အန်ကာရာ ဇွန် ၆**

တူရကီနိုင်ငံအရှေ့ပိုင်း ဘစ်သ်လစ်ပြည်နယ်တွင် စနေနေ့က ဘိန်းဖြူ ၅၁ ကီလိုဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

ဘစ်သ်လစ်ပြည်နယ်နှင့် ဒီယာဘာကီယာပြည်နယ်တို့ကို ဆက်သွယ်သော အဝေးပြေးလမ်းပေါ်တွင် ကားတစ်စီးကို ရဲတပ်ဖွဲ့ဝင်များက ရပ်တန့်ရှာဖွေရာမှ ကားအတွင်း သိုဝှက်ယူဆောင်လာသော ဘိန်းဖြူများကို တွေ့ရှိခဲ့ပြီး ယာဉ်မောင်းကို ဖမ်းဆီးခဲ့ကြောင်း သတင်းတွင်ပါရှိသည်။

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းရှိ ဟက်ကာရီပြည်နယ်တွင်လည်း စနေနေ့က ထရပ်ကားတစ်စီးတွင် တင်ဆောင်လာသော ဆေးခြောက် ၂၃၄ ကီလိုဂရမ်ကို ရဲတပ်ဖွဲ့က သိမ်းဆည်းရမိကြောင်း၊ ယာဉ်မောင်းကိုလည်း ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း သိရသည်။

တူရကီနိုင်ငံသည် အာရှနှင့် အရှေ့အလယ်ပိုင်းမှ မူးယစ်ဆေးဝါးများကို ဥရောပဈေးကွက်သို့ မှောင်ခိုပို့ဆောင်ရာတွင် အဓိကကျသော လမ်းကြောင်းဖြစ်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

## အမှာစကားပြောကြား

**နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် စည်ပင်သာယာရေး ဘဏ်လီမိတက်၏ နှစ်ပတ်လည် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# စည်ပင်သာယာရေးဘဏ်လီမိတက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၆

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဘဏ်လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဇွန် ၄ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် တက်ရောက်အမှာစကားပြောကြားသည်။**

အဆိုပါအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသော ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စာရင်းစစ်ချုပ်ရုံးနှင့် ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများ၊ အစုရှယ်ယာရှင်များဖြစ်ကြသော ပြည်နယ်၊ တိုင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများ၊ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ စည်ပင်သာယာရေးဘဏ်လီမိတက်ဥက္ကဋ္ဌ ဝန်ကြီး ဦးသိန်းညွန့်က စည်ပင်သာယာရေးဘဏ်လီမိတက် ဖွဲ့စည်းတည်ထောင်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ၁၉၉၆ ခုနှစ် ဘဏ်စတင်ဖွဲ့စည်းတည်ထောင်ချိန်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ စည်ပင်သာယာရေးဘဏ်လီမိတက်၏ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စည်ပင်သာယာရေးဘဏ်လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တင်ပြသည့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းကို စည်ပင်သာယာရေးဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်လတ်က ဖတ်ကြားတင်ပြပြီး စာရင်းစစ်ကော်မတီ၏ အစီရင်ခံစာကို စာရင်းစစ်ကော်မတီကိုယ်စား ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်သန်းမြင့်က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ဘဏ်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာအပေါ် အစုရှယ်ယာရှင်များဖြစ်ကြသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကိုယ်စား ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများက အကြံပြုတင်ပြဆွေးနွေးကြသည်။

ယင်းနောက် အစုရှယ်ယာရှင်များ၏ အကြံပြုဆွေးနွေးမှုများအပေါ် ဘဏ်ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်လတ်က ပြန်လည်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဖြည့်စွက်မှာကြားသည်။

ထို့နောက် စည်ပင်သာယာရေးဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့ စာရင်းစစ်ကော်မတီကို ဖွဲ့စည်းတင်ပြသည်။

ယင်းနောက် စည်ပင်သာယာရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကနီတွင် စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

**ကနီ ဇွန် ၆**

ကနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၁၀-၂၀၁၁ခုနှစ် မိုးသီးနှံစုံစီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၃၁ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးကျော်စိုးမင်းက စီမံကိန်းတာဝန်ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်မောင်အေးနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမျိုးမော်တို့က ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၅အုပ်စုမှ ကျေးရွာဥက္ကဋ္ဌများအား ကျေးရွာများအလိုက် တောင်သူတစ်ဦးချင်းစီ စိုက်ပျိုးရမည့် စီမံကိန်းတာဝန်များကို ပေးအပ်ကြသည်။

(မြို့နယ်ပြန်/ဆက်)

# မြန်မာနိုင်ငံဓာတ်ပုံအသင်း ဓာတ်ပုံပညာသင်တန်း အမှတ်စဉ်(၃၉) သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၆**

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ဓာတ်ပုံပညာသင်တန်းအမှတ်စဉ်(၃၉) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၂၇/၂၉) (၃၅)လမ်းအောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်း၌ ကျင်းပရာ မြန်မာနိုင်ငံဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့် (ငြိမ်း) (စစ်ငြိမ်းပန်း)က မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ နှစ်(၆၀)ပြည့်နှင့် တိုက်ဆိုင်၍ ဓာတ်ပုံပညာသင်တန်း အမှတ်စဉ်(၃၉)ကို ဖွင့်လှစ်ရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ နာယကများ၊ အကဲဖြတ်ဓာတ်ပုံပညာရှင်ကြီးများ၊ အသင်းအမှုဆောင်များ၊ သင်တန်းနည်းပြဆရာများနှင့် မိတ်ဆက်ပေးပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဓာတ်ပုံသင်တန်းတွင် ဓာတ်ပုံပညာသမိုင်း၊ ကင်မရာအခြေခံ၊ ဖိလ်တာ၊ မှန်ဘီလူး၊ ဒစ်ဂျစ်တယ်ဓာတ်ပုံပညာ၊ စတူဒီယိုသုံးပစ္စည်းနှင့် အလင်းပေးနည်း၊ ဓာတ်ပုံရိုက်နည်း၊ ပြိုင်ပွဲဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းဓာတ်ပုံရိုက်ကူးခြင်းတို့ကို ယနေ့မှ စက်တင်ဘာ ၁၇ ရက်အထိ သုံးလကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည် ဖြစ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၈၀ခန့် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကုန်စည်ပြပွဲနှင့် ဖိုရမ်တက်ရောက်ရန် ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ ထွက်ခွာ

**ရန်ကုန် ဇွန် ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် 18th Session of China Import & Export Fair 2010နှင့် GMS Forumသို့ တက်ရောက်ရန်နှင့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ပြပွဲတွင်ပါဝင်ပြသရန်အတွက် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဦးအောင်နိုင်၊ ဗဟိုအလုပ်အမှုဆောင် ဦးရဲမြင့်နှင့် အလုပ်အမှုဆောင် ဦးသောင်းဟန်တို့သည် ဇွန် ၅ ရက် နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

**ကွယ်လွန်သူ ဦးခင်မောင်အေး (၁)လပြည့်အား ရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကင်းစင်တာ (ဝိုင်စီဒီစီ)နေ ဇနီးဒေါ်ချိုမာလှိုင်၊ သားသမီးများဖြစ်သော ကိုတိုး၊ စန္ဒီစိုး၊ မြေး မင်းသုခ၊ ယွန်းစန္ဒီအေး၊ သားကိုစိုင်း မိသားစုတို့က ထာဝရ ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# အထူးဈေးရောင်းပွဲတော် မြောက်ဥက္ကလာပမြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇွန် ၆**

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ မြောက်ဥက္ကလာပမြို့နယ် အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ ကို ဇွန် ၅ရက် နံနက် ၈နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ မယ်လမုဘုရားအနီး၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ပလတ်စတစ်စက်ရုံအမှတ်(၁) စက်ရုံမှူး ဦးအောင်စိုးတို့က ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်း ငါးခုမှ လူသုံးကုန်ပစ္စည်းမျိုးစုံတို့အား အဖိုးနှုန်းချိုသာစွာဖြင့် ဇွန် ၅ရက်မှ ၁၁ရက်အထိ နံနက် ၈နာရီမှ ည ၈နာရီအတွင်း ပိတ်ရက်မရှိ ရောင်းချမည်ဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

# အန္တရာယ်ဟူသည်

ကထိကရဟန်း

အန္တရာယ်ဟူသော စကားကို 'ဘေး' ဟူသောစကားနှင့်တွဲ၍ "ဘေးအန္တရာယ်"ဟု ပြောဆို သုံးစွဲကြ၏။ ယင်းဘေးအန္တရာယ်ဆိုသော စကား၌ 'ဘေး'ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကို ဘေးဟု ဆိုသနည်း။ သူ့အဓိပ္ပာယ်က အဘယ်နည်း။ အန္တရာယ်ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကို အန္တရာယ်ဟုဆိုသနည်း။

## ဘေး

ထိုစကား နှစ်လုံးတွင် 'ဘေး'ဆိုသည်မှာ ဘယ-ဟူသော ပါဠိဝေါဟာရမှ ပြောင်းလာသော ပါဠိသက်ဝေါဟာရဖြစ်၏။ ပြောင်းလာပုံမှာ ဘယ-မှ'ယ' သည် "ဧ" ဖြစ်၍ "ဘေ" ဟု ဖြစ်လာ၏၊ ယင်း "ဘေ" ကို ဝိသဇ္ဇနီဖြည့်၍ "ဘေး" ဟု အသံလေးလေးဖြင့် ပြောဆိုကြ၏။ ထို့ပြင် ထိုဘေးဟူသော ဝေါဟာရကို ဘယဟူသောပါဠိမှ ပြောင်းလာသည့် ပါဠိသက်ဝေါဟာရ တစ်မျိုးဖြစ်သော "ဘျမ်း" နှင့်တွဲ၍ "ဘေးဘျမ်း" ဟုလည်းသုံးကြ၏။ ယင်းဘေးကား သို့မဟုတ် ဘေးဘျမ်းကား အဘယ်နည်း။ သူ့အဓိပ္ပာယ်မှာ "ကြောက်စရာ"ဟု ဖြစ်သည်။ ယင်းဘေးတို့ကား မီး၊ လေ၊ ရေ စသည်တို့ဖြစ်၏။ မှန်၏၊ မီးသည် လောင်တတ်၏။ ထို့ကြောင့် ကြောက်စရာ ဘေးဖြစ်၏။ လေသည် တိုက်လွှင့်ဖျက်ဆီးတတ်၏။ ထို့ကြောင့် ကြောက်စရာဘေးဖြစ်၏။ ရေလည်းနှစ်မြှုပ် ဖျက်ဆီးတတ်၏။ ထို့ကြောင့် ကြောက်စရာဘေးဖြစ်၏။ ထို မီး၊ လေ၊ ရေ စသော မြောက်မြားစွာသော ဘေးတို့သည် လူတို့ကို မလောင်ကျွမ်း၊ မတိုက်လွှင့်၊ မလွှမ်းမိုး၊ မနှစ်မြှုပ်သမျှ ဘေးသာဖြစ်၏။ အန္တရာယ်မဟုတ်ပေ။

## အန္တရာယ်

အန္တရာယ်ဟူသည် အဘယ်နည်း။

အန္တရာယ်ကင်းရပါလို၏-ဟု ဆုတောင်းကြ၏။ သို့သော် အန္တရာယ်ဆိုသည်မှာ ဘယ်အရာဟု မသိကြ။ မကြာလှမီက ပရိတ်ရွတ်ပင့်သဖြင့် လိုက်သွား၏။ ဘာကြောင့် ပရိတ်ရွတ်ချင်တာလဲမေးတော့ အန္တရာယ်ကင်းချင်လို့ပါဟု လျှောက်ကြ၏။ အန္တရာယ်ဆိုတာဘာလဲဟု မေးတော့ မသိကြ။ ထိုသို့ လူတွေက ဘာမှန်းမသိဘဲ ကြောက်နေကြရတဲ့ အန္တရာယ်။ ထိုအန္တရာယ်-ဟူသော စကားမှာလည်း"အန္တရာယ"ဟူသော ပါဠိဝေါဟာရမှ ပြောင်းလာသော ပါဠိသက်ဝေါဟာရပင်ဖြစ်သည်။

**ပါဠိဝေါဟာရ "အန္တရာယ" ကို မြန်မာတို့က "အန္တရာယ်" ဟု ခေါ်ကြခြင်းဖြစ်၏။ အန္တရာယ်၏ အဓိပ္ပာယ်ကိုသိလိုလျှင် ပင်ရင်းပါဠိဝေါဟာရ အန္တရာယ-ပုဒ်ကို ပုဒ်ခွဲကြည့်ရမည်။ ထိုအန္တရာယဟူသော ပါဠိဝေါဟာရမှာ အန္တရ-ပုဒ်နှင့် အယ-ပုဒ် နှစ်ပုဒ်တွဲထားသော ပုဒ်ဖြစ်သည်။ ထိုနှစ်ပုဒ်တွင်အန္တရ-ဆိုသည်မှာ "အကြားကာလ" ဟု ဆိုလို၏။ အယ-မှာ ရောက်လာသောအကျိုး-ဟု အဓိပ္ပာယ်ရ၏။ ထိုအဓိပ္ပာယ်ကို အဘိဓာန်ဋီကာက "စုတိပဋိသန္ဓိန မန္တရေ အယတီတိ အန္တရာယော" ဟု ဖွင့်သည်။ ထိုအဖွင့်၌ "စုတိပဋိသန္ဓိန မန္တရေ"ဟူသော စကားသည်"အန္တရ=အကြားကာလ"ဟူသောပုဒ်ကို ဖွင့်ခြင်းဖြစ်၏။ ထိုအန္တရ=အကြားကာလဆိုသည်မှာ စုတိနှင့် ပဋိသန္ဓေ-တို့၏ အကြားကာလဟုဖွင့်ခြင်းဖြစ်သည်။ ရှင်းအောင်ပြောရလျှင် မသေခင် အကြားကာလဟုဆိုလိုသည်။ "အယတိ"ဟု ဖွင့်ခြင်းမှာ အယ-ပုဒ်ကို ဖွင့်ခြင်းဖြစ်၏။ အဓိပ္ပာယ်မှာ "ရောက်လာသည်"ဟု ဖြစ်၏။ နှစ်ပုဒ်ပေါင်းလိုက်လျှင်"အန္တရာယ=မသေခင် ရောက်လာသောအကျိုး"ဟု အဓိပ္ပာယ်ရ၏။ ယင်းမသေခင်ရောက်လာသောအကျိုးကိုပင် အန္တရာယ်-ဟုဆိုရခြင်းဖြစ်သည်။**

## အကျိုး

ထိုမသေမီရောက်လာတတ်သော အန္တရာယ်ခေါ်သော အကျိုး၏ အဓိပ္ပာယ်ကို အဘိဓမ္မာ အနုဋီကာ ပထမအုပ် စာမျက်နှာ-၃ ၌ "ရောဂါဒိ အနတ္ထာနံ = ရောဂါ အစရှိသော မကောင်းကျိုးများ" ဟု ဖွင့်သည်။ သာရတ္ထဒီပနီ မည်သော ဝိနည်းဋီကာကြီးက"ဒိဋ္ဌဓမ္မိကာဒိ အနတ္ထော"ဟု ဖွင့်သည်။ အဓိပ္ပာယ်မှာ"လက်ငင်းဒိဋ္ဌ ခံစားရခြင်းစသော မကောင်းကျိုး"ဟုဖြစ်သည်။ ဤအဘိဓမ္မာဋီကာကြီးနှင့် ဝိနည်းဋီကာကြီးတို့၏ အဆိုကို ရှင်းအောင်ပြောရလျှင် အန္တရာယ်ဆိုသည်မှာ မသေခင် ရောက်လာတတ်တဲ့ မကောင်းကျိုးများပင် ဖြစ်သည်။

ထိုအန္တရာယ်ခေါ်သော မကောင်းကျိုးတို့မှာ အကုသိုလ်ကံကြောင့်သာဖြစ်လာရသည်။ ကုသိုလ်ကံကြောင့်ဖြစ်ပေါ်လာရသည့် အန္တရာယ်ဟူ၍ မရှိပေ။ ထို့ကြောင့် အောက်ပါဆောင်ပုဒ်ကို မှတ်သားထားသင့်သည်။

* အန္တရာယ်ဆိုသည်မှာ၊ မှတ်သားပါ၊ သူဟာအကုသိုလ်ရဲ့အကျိုး။

## ဘေးနှင့်အန္တရာယ်

ဘေးနှင့် အန္တရာယ်နှစ်မျိုးတွင် ဘေးသည် ဆိုခဲ့ပြီးသည့်အတိုင်း ကြောက်စရာဟု အဓိပ္ပာယ်ရကြောင်း သိကြရပြီ။ ထိုကြောက်စရာဘေးတို့မှာလည်း မီးဘေး၊ လေဘေး၊ ရေဘေး၊ သူခိုးဘေး၊ ဓားပြဘေး၊ ရောဂါဘေး၊ ဖုံးပေါက်ကွဲမည့်ဘေး စသည်ဖြင့် များလှ၏။ သို့သော် ထိုဘေးတို့သည် အကုသိုလ်ကံ၏ အကူအညီကို မရမချင်း အန္တရာယ်မဖြစ်နိုင်၊ အန္တရာယ်အဆင့်သို့ မရောက်နိုင်။

**ရှင်းအံ့။ မီးဟူသော ကြောက်စရာဘေးသည် မိမိ၏အကုသိုလ်ကံက နှိုးဆော်ဖိတ်ခေါ်ခြင်းမပြုသမျှ ဘေးသာဖြစ်၏။ အန္တရာယ်မဟုတ်သေးပေ။ အန္တရာယ်အဆင့်သို့မရောက်ပေ။ အကယ်၍ ထိုမီးဘေးကို မိမိ၏ အကုသိုလ်ကံက နှိုးဆော်ဖိတ်ခေါ်ပြီဆိုပါက မီး၏ အလောင်အမြိုက် အဖျက်အဆီးကို ခံရတော့၏။ ထိုအခါ မီးသည် အန္တရာယ်ဖြစ်လာတော့၏။ လေကို မိမိ၏ အကုသိုလ်ကံက နှိုးဆော်ဖိတ်ခေါ်ပြီဆိုပါက ထိုလေ၏ တိုက်လွှင့် ဖျက်ဆီးခြင်းကို ခံရ၏။ ထိုအခါ လေသည် ဘေးမျှသာမဟုတ်တော့ဘဲ အန္တရာယ်ဖြစ်လာ၏။ ဘေးတစ်မျိုးဖြစ်သော ရေလည်း မိမိ၏ အကုသိုလ်ကံက နှိုးဆော်ဖိတ်ခေါ်ခြင်းမပြုသမျှ ဘေးအဆင့်ကမတက်။ မိမိ၏ အကုသိုလ်ကံက နှိုးဆော်ဖိတ်ခေါ်ပြီဆိုပါက ထိုရေက နှစ်မြှုပ်ဖျက်ဆီးလေတော့၏။ ထိုအခါ ရေသည် ဘေးအဆင့်ကိုလွန်၍ အန္တရာယ်ဖြစ်လာ၏။**

သူခိုးဘေး၊ ဓားပြဘေး၊ ရောဂါဘေး၊ ဖုံးပေါက်ကွဲမည့်ဘေး စသည်တို့လည်း မိမိ၏ အကုသိုလ်ကံနှင့် ဆက်စပ်နေကြောင်း သိပါလေ။

## မည်သူနှင့်ဆိုင်သနည်း

ထိုအန္တရာယ်တို့သည် မည်သူတို့နှင့် ဆိုင်သနည်း။ ရှင်းပါသည်။ အကုသိုလ်ကံကြောင့်ဖြစ်ရသော အကျိုးတရားဖြစ်၍ ကုသိုလ်ကံရှိသူ၊ ကုသိုလ်အမှုပြုနေသူတို့နှင့် မဆိုင်ပါ။ ထို့ကြောင့် ထိုအန္တရာယ်သည်

* အကုသိုလ်ရှိသူ၊ အကုသိုလ်ပြုသူတို့ ခံရသည့်အမျိုးဖြစ်သည်။

## အန္တရာယ်ကင်းအောင်

အန္တရာယ်ကင်းအောင် ဘာလုပ်ကြရမည်နည်း။

မူလဋီကာဆရာကြီးနှင့် မဓုဋီကာဆရာတို့က "အန္တရာယ်ပြုတတ်သော မကောင်းမှုအကုသိုလ်ကို ဖျက်ဆီးနိုင်သည့် ကုသိုလ်အထူးကို ပြုရမည်"ဟု ဆိုကြ၏။

ထိုအန္တရာယ်ကိုပြုတတ်သည့် အကုသိုလ်ကို ဖယ်ရှားပစ်နိုင်သည့် ကုသိုလ်ဆိုသည်မှာ အဘယ်ကုသိုလ်နည်း။ သိနိုင်ရန် အောက်ပါ အကြောင်းအရာသုံးရပ်တို့ကို လေ့လာကြည့်ကုန်အံ့။

## ဝိဋ္ဋူဘအန္တရာယ်

ဝိဋ္ဋူဘမင်းသားသည် မင်းအဖြစ်သို့ရောက်သည်နှင့် ဗုဒ္ဓဆွေတော်မျိုးတော်တို့ဖြစ်သော သကျတို့ကို သတ်ရန် စစ်တပ်ပြင်တော့သည်။ တစ်နေ့သောအခါ စစ်တပ်ကြီးဖြင့် သကျတို့ကို သတ်ရန် ကပိလဝတ်နိုင်ငံဘက်သို့ ထွက်လာခဲ့၏။ နယ်ခြားသို့ရောက်လျှင် အရိပ်ကျဲသော သစ်ပင်အောက်တွင် သီတင်းသုံးနေသော ဗုဒ္ဓကိုမြင်သဖြင့် ဆင်ပေါ်မှဆင်းပြီး "ဤသစ်ပင်၏အရိပ်က ကျဲလှပါကြောင်း၊ အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးအောက်တွင် သီတင်းသုံးတော်မူပါ"ဟု လျှောက်၏။ ဗုဒ္ဓက "ရှိပါစေ၊ မဟာရာဇ၊ ဆွေတော်မျိုးတော်တို့ရဲ့အရိပ်က အေးပါတယ်"ဟု မိန့်တော်မူရာ ဆွေတော်မျိုးတော်တို့ကို စောင့်ရှောက်ရန် ကြွတော်မူလာကြောင်း ရိပ်မိသဖြင့် ဗုဒ္ဓကိုရှိခိုးပြီး သာဝတ္ထိသို့ ပြန်လေသည်။

ဤသို့သောနည်းဖြင့် ဝိဋ္ဋူဘမင်းသားသည် သုံးကြိမ်တိုင် ပြန်လှည့်အပြီး လေးကြိမ်မြောက်ထွက်သော အခါ၌မူ ဗုဒ္ဓသည် သကျတို့၏ အတိတ်က ပြုခဲ့သောအကုသိုလ်ကံကို မတားနိုင်မှန်းသိ၍ မကြွတော့ပေ။

ထိုအခါ ဝိဋ္ဋူဘသည် အဘိုးဖြစ်သူ မဟာနာမ်သကျမင်းကြီး၏ အနီး၌ နေသူတို့နှင့် တိဏသာကိယ၊ နဠသာကိယဆိုသူတို့သာချန်၍ ကျန်နို့စို့ကလေးတို့ကိုပါမချန် သတ်လေသည်။ ထိုအခါ အချို့သကျတို့သည် မြန်မာပြည် တကောင်းအရပ်သို့ ထွက်ပြေးရောက်ရှိနေထိုင်ကြကုန်၏။

## ဝသဘမင်း

သီဟိုဠ်ကျွန်း၌ ဝသဘမင်း မင်းအဖြစ်သို့ရောက်သောအခါ ပညာရှိတို့ကို ဆိတ်ကွယ်ရာသို့ခေါ်၍ ကျွန်ုပ် အဘယ်မျှလောက် မင်းပြုရမည်နည်းဟုမေး၍ ၁၂ နှစ်ကြာမင်းပြုရမည်ဟု အဟောထွက်သောအခါ ရဟန်းတို့ထံ ချဉ်းကပ်၍ မင်းသက်ရှည်ခြင်းအကြောင်း ကောင်းမှုတို့ကို မေးလျှောက်၏။ ရဟန်းတို့ဆိုတိုင်းသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ရာ မင်းအဖြစ် ၄၄ နှစ်ကြာ ခံစားရ၏။

ရဟန်းတို့က ဝသဘမင်းအား ညွှန်ပြသော ကောင်းမှုတို့မှာ-

(၁) ရေစစ် အလှူ
(၂) ကျောင်းကန်နေရာအလှူ
(၃) လူနာရဟန်းတို့အားပြုစုမှု
(၄) ကျောင်းဟောင်းစသည်ပြုပြင်မှု
(၅) ငါးပါးသီလမြဲမှု
(၆) ဥပုသ်စောင့်သုံးမှုတို့ဖြစ်သည်။

## အာယုဝဍ္ဎနသတို့သား

အာယုဝဍ္ဎန သတို့သားလောင်းလျာ သူငယ်သည် ခုနစ်ရက်ရှိလျှင် ဘီလူးစားခံရကာ သေရမည့် အန္တရာယ်နှင့် ကြုံနေသည်။ ဗုဒ္ဓ၏ ညွှန်ကြားချက်အရ သူ၏ဖခင်ပုဏ္ဏားက အိမ်ရှေ့၌ မဏ္ဍပ်ထိုးပြီး အလယ်မှာ အင်းပျဉ်ငယ်ကို ခင်းကာ သားငယ်ကို သိပ်ထား၏။ ထိုအင်းပျဉ်ကို ဝန်းရံကာ ထိုင်စရာခုံများ ခင်းထားရာ ဗုဒ္ဓထံမှ ရဟန်းများကြွလာကာ ခြောက်ရက်တိုင်တိုင် အသံမစဲ ပရိတ်ရွတ်တော်မူကြ၏။ ခုနစ်ရက်မြောက်နေ့သို့ ရောက်သောအခါ ဗုဒ္ဓကိုယ်တော်တိုင်ကြွကာ ရဟန်းများနှင့်အတူ ပရိတ်ရွတ်တော်မူသည်။ ထိုအခါ ပရိတ်ရွတ်ပွဲသို့ တန်ခိုးကြီးနတ်များ လာရောက်နာယူကြသဖြင့် စားမည့်ဘီလူး ကလေးအနားသို့ ကပ်ခွင့်မရဖြစ်ကာ သတို့သားငယ် အသက်အန္တရာယ် ကင်းရ၏။ ရှစ်ရက်မြောက်နေ့သို့ ရောက်သောအခါ ဖခင်ပုဏ္ဏားက ကလေးကိုချီ၍ ဗုဒ္ဓကို ရှိခိုးစေရာ ဗုဒ္ဓက "အသက် ၁၂၀ ရှည်မည်မိန့်သဖြင့် အာယုဝဍ္ဎန သတို့သား"ဟု နာမည်ပေးကြ၏။

အသက် ၁၂၀ ရှည်ကာ အဘိဝါဒနသီလိဿ အစချီသော တရားတော်ကို နာယူရကာ သောတာပန်တည်လေသည်။

ဤဝတ္ထု၌ အသက်ရှည်ကြောင်း ကောင်းမှုအဖြစ် ဗုဒ္ဓညွှန်ပြတော်မူသည်မှာ-

အဘိဝါဒနသီလီ = အသက်သိက္ခာဂုဏ်ဝါကြီးသူတို့ကို ရှိခိုးလေ့ရှိခြင်း၊

နိစ္စံဝုဍ္ဎာပစာယီ=အသက်သိက္ခာ ဂုဏ်ဝါကြီးသူတို့ကို အမြဲအရိုအသေပြု ပူဇော်လေ့ရှိခြင်းတို့ဖြစ်၏။

## သုံးသပ်ချက်

ဤဖြစ်စဉ် သုံးရပ်ကို သုံးသပ်သောအခါ ဝိဋ္ဋူဘဝတ္ထုပါ အန္တရာယ်မှာ တားဆီးဖြေဖျောက်၍ မရနိုင်သော အန္တရာယ်ဖြစ်ကြောင်း တွေ့ရ၏။

**ဝသဘမင်းဝတ္ထုနှင့် အာယုဝဍ္ဎနသတို့သားဝတ္ထုတို့မှာ အန္တရာယ်ကို တားမြစ်ဖယ်ရှား၍ ရနိုင်ကြောင်းတွေ့ရ၏။ ဋီကာဆရာကြီးများပြောသော အန္တရာယ်ကို ပြုတတ်သော မကောင်းမှုအကုသိုလ်ကို ဖျက်ဆီးနိုင်သည့် ကုသိုလ်အထူးဆိုသည်မှာ ဝသဘမင်းပြုသော၊ ကောင်းမှုခြောက်ရပ်၊ အာယုဝဍ္ဎန သတို့သား၏ ကောင်းမှုနှစ်ရပ်တို့သာမက နေ့စဉ်နေ့စဉ် စိတ်ပါလက်ပါ ဘုရားရှိခိုးခြင်း၊ ရေတော်ကပ်လှူခြင်း၊ ပန်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကပ်လှူခြင်း၊ ဆီမီးညှိထွန်းပူဇော်ခြင်း၊ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဆောက်တည်၍ လုံခြုံအောင်ထိန်းသိမ်းခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ပိဋကတ်ဆွမ်းလောင်းလှူခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ အားလပ်ချိန်တို့၌ မိမိ၏သီလတို့ကို စစ်ဆေး၍ သီလာနုဿတိဘာဝနာပွားခြင်း စသည်တို့ဖြစ်၏။ ထိုကုသိုလ်တို့ကို အမြဲမပြတ် စွမ်းအားရှိသမျှ ပြုလုပ်ကြမည်ဆိုပါက ဝိဋ္ဋူဘဝတ္ထု သကျတို့ခံရသော အတိတ်က အားကြီးသော အကုသိုလ်ကံကြောင့်ဖြစ်သော အန္တရာယ်မျိုးမှတစ်ပါး အခြားသော အန္တရာယ်များ ကင်းနိုင်ရုံမျှသာမက အပါယ်ဘေးကြီးများမှပါ ကင်းဝေးပြီး တစ်နေ့သောအခါ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရပေလိမ့်မည်။**

* အန္တရာယ်ဆိုသည်မှာ၊ မှတ်သားပါ။ သူဟာအကုသိုလ်ရဲ့အကျိုး။
အကုသိုလ်ရှိသူ၊ အကုသိုလ်ပြုသူ ခံရသည့်အမျိုး။
အန္တရာယ်ကင်းလို များလူဗိုလ် ကုသိုလ်ကိုအားကိုး။

**ကုသိုလ်တို့ကို အမြဲမပြတ် စွမ်းအားရှိသမျှ ပြုလုပ်ကြမည်ဆိုပါက ဝိဋ္ဋူဘဝတ္ထု သကျတို့ခံရသော အတိတ်က အားကြီးသော အကုသိုလ်ကံကြောင့်ဖြစ်သော အန္တရာယ်မျိုးမှတစ်ပါး အခြားသောအန္တရာယ်များ ကင်းနိုင်ရုံမျှသာမက အပါယ်ဘေးကြီးများမှပါ ကင်းဝေးပြီး တစ်နေ့သောအခါ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရပေလိမ့်မည် . . .**

## အမှာစကား ပြောကြား

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်

ရန်ကုန် ဇွန် ၆

**ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၄ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။**

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မစ္စတာ တလယ်မိုဟာမက် ဆာဘရီ အဗ္ဗဒူဆလမ်အား ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇွန် ၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာ တာကီဘင်နာဂျီ အဗ္ဗဒူကာဒါ အယ်လ်အလီ၏နေရာတွင် မစ္စတာ တလယ်မိုဟာမက် ဆာဘရီ အဗ္ဗဒူဆလမ်အား ခန့်အပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ တလယ်မိုဟာမက် ဆာဘရီ အဗ္ဗဒူဆလမ်သည် ၁၉၅၉ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အဗ္ဗဒူအဇစ် ဘုရင့်တက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ကို ၁၉၈၂ ခုနှစ်တွင် ရရှိခဲ့သည်။ ထို့အပြင် ၎င်းသည် ရီယာဒ်မြို့ သံတမန်လေ့လာရေးသင်တန်းကျောင်းမှ ဒီပလိုမာကို ၁၉၈၆ ခုနှစ်တွင် ရရှိခဲ့ပြီး ယင်းနှစ်တွင်ပင် ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ၎င်းသည် ၁၉၈၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ လန်ဒန်၊ ဘရပ်ဆဲလ်၊ ဆိုးလ်၊ လစ္စဘွန်း၊စတော့ဟုမ်း၊ မနီလာ၊ တိုကျိုမြို့များရှိ ဆော်ဒီအာရေဗျသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ တိုင်ပေရှိ ဆော်ဒီအာရေဗျ စီးပွားရေးဆိုင်ရာရုံး၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ တလယ်မိုဟာမက် ဆာဘရီ အဗ္ဗဒူဆလမ်သည် အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ကို တတ်မြောက်ပြီး အိမ်ထောင်မရှိသူတစ်ဦးဖြစ်သည်။ (သတင်းစဉ်)

# ပန်းဘဲတန်းမြို့နယ် စာပေနှင့်စာနယ်ဇင်း ပဉ္စမအကြိမ်ညီလာခံ အတွေ့အကြုံရှင်းလင်း

**ရန်ကုန် ဇွန် ၆**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက (၃၂) လမ်း(လယ်) အမှတ်(၁၂၉) မြေညီထပ်ရှိ ပန်းဘဲတန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်း၌ ကျင်းပရာ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)၊ အတွင်းရေးမှူး စိန်ဂျွန်းစံမောင်တို့က အတွေ့အကြုံများ ရှင်းလင်းပြောကြားကြသည်။

အတွေ့အကြုံရှင်းလင်းပွဲသို့ နာယကများဖြစ်ကြသော ဦးတင်ရွှေ(မန်းကိုကိုလတ်)၊ ဦးကျော်ဝင်း(ဆေး)၊ ဦးချစ်လှိုင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဆရာကြီးရန်ကြီးအောင်၊ ဘဏ္ဍာရေးမှူး ဝါးခယ်မ စိုးမြင့်အောင်(ဖျံ့ငါးကောင်)၊ ပြန်ကြားရေးမှူး ဇွဲ တင်ဝင်းနှင့်အမှုဆောင်များ၊ မြို့နယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (၁၉)

**ပဉ္စမအကြိမ် ညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲတွင် ညီလာခံကိုယ်စားလှယ် မြို့နယ် စာပေနှင့် စာနယ်ဇင်း ဥက္ကဋ္ဌ သတင်းထောက် သန်းဆွေ(ပန်းဘဲတန်း) ရှင်းလင်း ပြောကြားစဉ်။** (၁၉)

**မေ ၃၀ ရက်က တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်) အသင်းဓမ္မာရုံ တည်ဆောက်ရေးအတွက် စုပေါင်းအလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို မရမ်းကုန်းမြို့နယ် စွယ်တော်မြတ် ဂေါပကရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)က လှူဒါန်းပွဲ ပြုလုပ်ခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၇-၆-၂၀၁၀ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ "သီးနှံစိုက်စွမ်းအားမြင့်မားစေမှု အထောက်အကူပြုမည့် မဒန်းရေလှောင်တမံ"
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄:၅၀ ၆။ တေးဂီတအစီအစဉ်
၅:၀၅ ၇။ "ရင်ခုန်စောင့်စား ကမ္ဘာ့ဖလား" အုပ်စု(E)
၅:၁၅ ၈။ မြန်မာ-ဗီယက်နမ်သံတမန် ဆက်ဆံရေး တည်ထောင်ခြင်း (၃၅) နှစ်မြောက် အထိမ်းအမှတ် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း
၅:၂၅ ၉။ "မြန်မာတေးသံရှင် ရွေးချယ်ပွဲ"
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ်ပျော်ကြမယ်
၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တို့အတူရှိစဉ်တုန်းက" (အပိုင်း-၂၇)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနုနု" (အပိုင်း-၂၁)**
၁၈။ သုခုမရင်ပြင်
၁၉။ အစီအစဉ်ပြီး၏။

# မြို့မကျောင်း သမိုင်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းအသင်း သမိုင်းပြုစုမည်

**ရန်ကုန် ဇွန် ၆**

မြို့မကျောင်း သမိုင်းနှင့် မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း သမိုင်းတို့ကို မြို့မ အမျိုးသားအထက်တန်းကျောင်း အထက(၂)ဒဂုံနှင့် အထက(၃) ဒဂုံတို့မှ ကျောင်းသားဟောင်းများ ပူးပေါင်း၍ တညီတညွတ်တည်း ဝိုင်းဝန်းပြုစုကြမည်ဖြစ်ရာ မှတ်တမ်းမှတ်ရာ၊ အထောက်အထားများ၊ ဓာတ်ပုံမှတ်တမ်းများကို စုဆောင်းလျက်ရှိသည်။

**ပေးပို့**

ထို့ကြောင့် သမိုင်းမှတ်တမ်း အထောက်အထားများ၊ ဓာတ်ပုံမှတ်တမ်းများရှိပါက မူရင်း(သို့မဟုတ်) မိတ္တူများကို ခေတ္တငှားရမ်းခြင်းအနေဖြင့် လည်းကောင်း၊ အပြီးအပိုင်ပေးလှူခြင်း အနေဖြင့် လည်းကောင်း ပေးပို့ကြပါရန်နှင့် သမိုင်းပြုစုပြီးစီး၍ စာအုပ်ထုတ်ဝေပြီးပါက ခေတ္တငှားရမ်းထားသော မှတ်တမ်းနှင့်ဓာတ်ပုံများကို သက်ဆိုင်ရာပုဂ္ဂိုလ်များထံ ပြန်လည်ပေးအပ်သွားမည်ဖြစ်ပြီး အပြီးအပိုင်ပေးလှူခဲ့သော မှတ်တမ်းနှင့်ဓာတ်ပုံများကို အသင်းတိုက်၌ မော်ကွန်းတိုက်ပြုလုပ်သိမ်းဆည်းသွားမည်ဖြစ်၍ လှူဒါန်းလိုသူများသည် မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း ရုံးအဖွဲ့မှူး အမှတ်(၆၈) စကားဝါလမ်း ဒဂုံမြို့နယ် ဖုန်း-၂၅၀၁၅၃၊ ၇၃၀-၁၁၇၀၇၊ E-mail address: kmcho2@gmail.com သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ရေဖြန့်ဝေပေး

**ဘားအံမြို့ရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ရေရှားပါးသည့် ရပ်ကွက်များသို့ ရေပေးဝေလျက်ရှိရာ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကို ကြီးကြပ်၍ အဖွဲ့ပိုင်ရေကားဖြင့် ရေစုကန်သို့ ရေဖြည့်၍ အမှတ်(၉) ရပ်ကွက် ဇွဲကပင်ကုန်းနေ ပြည်သူများသို့ ရေဖြန့်ဝေပေးစဉ်။** (မြို့နယ်စည်ပင်)

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

**ထုံးကျောက်၊ သံကျောက်၊ ရွှံ့စေးစသည့် ကုန်ကြမ်းများကို ကုန်ကြမ်းကြိတ်စက်ဖြင့် ရောကြိတ်ပြီး ထွက်ရှိလာသောထုံးနှစ်ရည်များကို အနည်မထိုင်စေရန် ဤသို့ မွှေကန်ထဲတွင် စက်ဖြင့် ၂၄ နာရီ အဆက်မပြတ်မွှေပေးရသည်။**

❏ **ရှေ့ဖုံးမှ**

များမကြာမီ ပေါင်းလောင်း(ခ) စစ်တောင်းမြစ်ကို ကွန်ကရစ်တံတားသစ်တစ်စင်းပေါ်မှ ဖြတ်ကျော်နေစဉ် "နောက်ခြောက်မိုင်ကျော်ကျော်လောက်ဆိုရင် ဘိလပ်မြေစက်ရုံ (နေပြည်တော်) ကိုရောက်ပြီ" ဟူသော တစ်စုံတစ်ယောက်၏ ပြောစကားကြောင့် အသိပြန်ဝင်လာခဲ့သည်။

အဟုန်ပြင်းစွာ ဖွံ့ဖြိုးနေသည့် တည်ဆောက်ရေးလုပ်ငန်းများ၏ လိုအပ်ချက်ကို ပါဝင်ကူညီ ဖြည့်ဆည်းပေးမည့် ဘိလပ်မြေစက်ရုံ(နေပြည်တော်)ကို အရှေ့မိုးကုပ်စက်ဝိုင်း၏ အနားရေးရေးတွင် ပျပျမြင်လိုက်ရပြီ။ ဤခရီးပန်းတိုင်ပင်တည်း။

## တစ်နေ့တန် (၅၀၀)

ပြာလွင်သော တောင်တန်းများကို ကျောထောက်နောက်ခံပြု၍ ဟိန်းဟိန်းမားမား တည်ရှိနေသော စက်ရုံကြီး၏ ထုတ်လုပ်မှုစွမ်းအားမှာ တစ်နေ့တန် ၅၀၀ ဖြစ်ကြောင်း ကြေးမုံသတင်းအဖွဲ့ကို စီမံကိန်းညွှန်ကြားရေးမှူးက ဦးစွာရှင်းပြခဲ့သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတစ်ဝန်း အပြိုင်းအရိုင်း ဖြစ်ထွန်းလာခဲ့သည့် မြို့ပြတည်ဆောက်မှုများ၊ လမ်းတံတားနှင့် ဆည်မြောင်းတာတမံ လုပ်ငန်းများကြောင့် ပြည်တွင်း ဘိလပ်မြေသုံးစွဲမှု ပမာဏမှာ အဆများစွာ မြင့်တက်ခဲ့သည်။

လိုအပ်ချက်မြင့်မားလာသော ဘိလပ်မြေသုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်မှ ဘိလပ်မြေ စက်ရုံသစ်များကို တည်ဆောက်ဖွင့်လှစ်လာခဲ့ရသည်။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည် လုပ်ငန်းအနေဖြင့် ရှိရင်းစွဲ သရက်ဘိလပ်မြေစက်ရုံ၊ ကြံခင်းဘိလပ်မြေစက်ရုံနှင့် ကျောက်ဆည်ဘိလပ်မြေစက်ရုံတို့အပြင် ဘိလပ်မြေစက်ရုံ(နေပြည်တော်)ကို စတုတ္ထမြောက်စက်ရုံအဖြစ် ၂၀၀၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co., Ltd. နှင့် စာချုပ် ချုပ်ဆိုခဲ့ပြီး ၂၀၀၈ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင် တည်ဆောက်ကာ ၂၀၀၉ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် တည်ဆောက်ရေးနှင့် စက်တပ်ဆင်ပြီးစီးခဲ့ပြီး ၂၀၁၀ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ကာ နိုင်ငံတော်၏ နှစ်စဉ်ဘိလပ်မြေ လိုအပ်ချက်ကို ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိသည်။

ကြေးမုံသတင်းအဖွဲ့အား ဘိလပ်မြေစက်ရုံ (နေပြည်တော်) တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များကို စက်ရုံခန်းမ၌ တာဝန်ရှိသူတို့က ရှင်းလင်းခဲ့ရာတွင်-

(က) နိုင်ငံတော်၏ ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်။

(ခ) နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းများ အတွက် လိုအပ်သော ဘိလပ်မြေကို အနီးကပ် ဖြည့်ဆည်းပေးနိုင်ရန်။

(ဂ) ပြည်တွင်းရှိ သယံဇာတများကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်။

(ဃ) နေပြည်တော် ပတ်ဝန်းကျင်တွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်

(င) နိုင်ငံတော်ဖွံ့ဖြိုးမှုနှင့် အတူ နယ်မြေအတွင်း ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။

## နှစ်စဉ်လိုအပ်ချက်

ဆက်လက်၍ နိုင်ငံတော်၏ နှစ်စဉ်ဘိလပ်မြေလိုအပ်ချက်မှာ တန် ၃ ဒသမ ၅ သန်းရှိပြီး ဖြည့်ဆည်းပေးနိုင်မှုအပိုင်းတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဘိလပ်မြေထုတ်လုပ်နိုင်မှုမှာ တန် သုည ဒသမ ၅၂ သန်း၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် စက်ရုံများမှ တန် ၁ ဒသမ ၉၄ သန်းရှိပြီး နှစ်စဉ်ဘိလပ်မြေ တန် ၁ ဒသမ ဝ၄ သန်း လိုအပ်လျက်ရှိ၍ တစ်ရက်လျှင် တန် ၅၀၀ ကျ ဘိလပ်မြေစက်ရုံ ခြောက်ရုံ တည်ဆောက်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။

## ပထမဦးဆုံး

ဘိလပ်မြေစက်ရုံ (နေပြည်တော်) သည် စီမံလျာထားသည့် စက်ရုံခြောက်ရုံအနက် ပထမဦးဆုံး တည်ဆောက်ဖွင့်လှစ်ကာ ထုတ်လုပ်မှု စတင်နိုင်ခဲ့ပြီဖြစ်သည်။ ကြေးမုံသတင်းအဖွဲ့သည် တာဝန်ရှိသူတို့၏ ရှင်းလင်းချက်များကို ကြားနာကာ စက်ရုံအတွင်းသို့ ဝင်ရောက် လှည့်လည် လေ့လာခဲ့သည်။

ဘိလပ်မြေ ထုတ်လုပ်မှုနည်းစဉ်၏ အခြေခံကုန်ကြမ်းရရှိရာ တောင်ဖီလာ ထုံးကျောက်တောင်ကို အခြေပြု တည်ဆောက်ထားသည့် ဤစက်ရုံမှာ အခြားအခြားသော ဘိလပ်မြေစက်ရုံများ၏ ရေမြေသဘာဝထက် ထူးခြားသော အားသာချက်ရှိပြီး ကျောက်ခွဲစက်နှင့် ကျောက်ထုတ်ရာ နေရာနီးကပ်မှုရှိပြီး အချိန်ရော စရိတ်ပါ အထူးသက်သာသည်ကို တွေ့ရသည်။ တောင်ဖီလာ ထုံးကျောက်တောင်မှ ထုတ်ယူရရှိနိုင်သည့် ထုံးကျောက် ပမာဏမှာ တွက်ချက်မှုများအရ ဤစက်ရုံ၏ ထုတ်လုပ်မှုပမာဏအနေဖြင့် နှစ်ပေါင်း ၈၄ နှစ်ထုတ်ယူနိုင်မည်ဟု သိရသည်။

ဘိလပ်မြေစက်ရုံ(နေပြည်တော်)၏ ကုန်ကြမ်းရရှိမှု အခြေအနေတွင် ထုံးကျောက်ကို တောင်ဖီလာတောင်မှ ရယူပြီး ရွှံ့စေးနှင့် သံကျောက်ကို စက်ရုံအနီးမှပင် ရယူနိုင်မည်ဖြစ်သည်။ ဂေါဒန်ကျောက်ကို သီပေါမှရယူပြီး ကျောက်မီးသွေးကို ကလေးဝ၊ နမ္မ၊ တီကျစ်ကျောက်မီးသွေးသိုက်တို့မှ ရယူမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် မီးသင်းဖို့အတွက် ကျောက်မီးသွေးစွမ်းအင်ကို အသုံးပြုနေသော်လည်း မကြာတော့သောကာလတွင် သဘာဝဓာတ်ငွေ့ဖြင့် အစားထိုး အသုံးပြုမည်ဖြစ်သည်ဟုသိရသည်။ စက်ရုံအတွက် လိုအပ်သော ရေကို မယ်ဟော်ချောင်းမှ နေ့စဉ် ဂါလန်ငါးသိန်းခန့် ထုတ်ယူသုံးစွဲလျက်ရှိသည်။ စက်ရုံဧရိယာ ၃၉၅ ဧက၊ ထုံးကျောက်တောင် ဧရိယာ ဧက ၁၅၀ နှင့် ရွှံ့စေးဧရိယာ ဧက ၁၅၀ စုစုပေါင်း ၆၉၅ ဧက ကျယ်ဝန်းသည်။

## ထုတ်လုပ်မှုနည်းစဉ်

ဘိလပ်မြေစက်ရုံ(နေပြည်တော်)၏ ထုတ်လုပ်မှုနည်းစဉ်မှာ ကုန်ကြမ်းများဖြစ်သော ထုံးကျောက်၊ သံကျောက်၊ ရွှံ့စေးနှင့် သဲများကို အချိုးကျရောစပ်ကာ ရေနှင့်အတူ ကြိတ်ခွဲခြင်း၊ မီးဖုတ်ခြင်းဖြင့် ရရှိလာသော ကလင်ကာများကို ဂေါဒန်ကျောက်ဖြင့် ရောစပ်ကြိတ်ခွဲ ထုတ်လုပ်ရရှိသော ထုံးနှစ်ရည်နည်းစဉ် (wet process) ဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့သည် ဘိလပ်မြေထုတ်လုပ်မှု အဆင့်ဆင့်ကို ကြားနာမှတ်သား၍ စက်ရုံအတွင်းသို့ လည်း လှည့်လည် လေ့လာခွင့်ရခဲ့သည်။ ဘိလပ်မြေစက်ရုံတို့၏ လုပ်ငန်းသဘာဝအရ ၂၄ နာရီ လည်ပတ်ရပြီး ဝန်ထမ်းအဆိုင်းများဖြင့် မရပ်မနားလုပ်ငန်းလည်ပတ်လျက် ရှိသည်ကို တွေ့ခဲ့ရသည်။ အခြေခံတွက်ချက်မှုများအရ ကုန်ကြမ်း တန် ၈၅၀ ကို အဆင့်ဆင့် ကြိတ်ဝါး၊ မီးသင်း၊ အအေးခံ၊ ကုန်ချောကြိတ်၊ အိတ်သွတ်သည်အထိ ၃ နာရီခွဲကြာ အဆက်မပြတ် ထုတ်လုပ်ခြင်းဖြင့် ၂၄ နာရီအကြာတွင် ဘိလပ်မြေ တန် ၅၀၀ ထုတ်လုပ်နိုင်သည်ကို လေ့လာတွေ့ရှိရသည်။

နိုင်ငံတော်၏ တည်ဆောက်ရေး လုပ်ငန်းရပ်များဖြစ်သော ဆည်၊ တာတမံများနှင့် လမ်းတံတားများမှ တောင်းဆိုသော ဘိလပ်မြေကို အားရက်မရှိ၊ နားရက်မရှိ အလျင်မပြတ် ထုတ်လုပ်ပေးနေသည့် ညမအိပ်သော စက်ရုံကြီးအဖြစ် တင်စားခေါ်ဆိုအပ်သော ကုန်ထုတ်ရပ်ဝန်းကြီးပေတည်း။

**နေပြည်တော် ဘိလပ်မြေစက်ရုံ စီမံကိန်းညွှန်ကြားရေးမှူး ဦးသောင်းမြင့် ရှင်းလင်းပြောကြားစဉ်။**

## မြင်းခေါင်းတံဆိပ်

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းရှိ သရက်၊ ကြံခင်း၊ ကျောက်ဆည်နှင့် ယခု ဘိလပ်မြေစက်ရုံ(နေပြည်တော်) တို့မှ ထုတ်လုပ်သော အရည်အသွေးပြည့်စံချိန်မီ ဘိလပ်မြေများကို မြင်းခေါင်းတံဆိပ်တစ်မျိုးတည်းဖြင့်သာ ထုတ်လုပ်ရောင်းချကြောင်းလည်း သိရသည်။

စက်ရုံအတွင်း လေ့လာအပြီး ရှင်းလင်းခန်းမ၌ ကြေးမုံသတင်းအဖွဲ့ကို တာဝန်ရှိသူတို့က ဤစက်ရုံကြီး တည်ဆောက်နိုင်ခြင်းဖြင့် ဒေသခံများ အထူးသဖြင့် ပညာတတ်လူငယ်များ လုပ်ငန်းခွင်အတွင်း ဝင်ရောက် တာဝန်ထမ်းဆောင်နိုင်ခြင်းဖြင့် ဒေသ၏ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာမှုနှင့် စက်ရုံနှင့် ဆက်စပ်၍ ဒေသ၏ လမ်းပန်းဆက်သွယ်ရေး တိုးတက်ဖြစ်ထွန်းလာမှုကို ရှင်းပြခဲ့သည်။

## ရာနှုန်းပြည့် ပြည့်မီ

ရည်မှန်းချက် (၅)ရပ်ဖြင့် တည်ဆောက်ထုတ်လုပ်နေသော ဘိလပ်မြေစက်ရုံ(နေပြည်တော်)၏ ရည်မှန်းချက်များ ရာနှုန်းပြည့် ပြည့်မီနေသည်ကို အထင်အရှားပင် တွေ့မြင်ခဲ့ရသည်။ နိုင်ငံတော်၏ တည်ဆောက်ရေး လုပ်ငန်းခွင်အသီးသီးသို့ စက်ရုံထွက် ဘိလပ်မြေများ အလျဉ်မပြတ် ဖြန့်ဖြူး ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

## ကွန်ကရစ်လမ်း

စက်ရုံမှအပြန်တွင် ရှစ်မိုင်ခွဲ ရှည်လျားသော လမ်းတစ်လျှောက် ရွာစဉ်များစွာ ဖြတ်သန်းခဲ့ရသည်။ ညီညာပြန့်ပြူးကျယ်ဝန်းသော မြေနီလမ်း၏ အစိတ်အပိုင်းအချို့မှာ ကွန်ကရစ်လမ်းဖြစ်သည်ကို တွေ့ရသည်။

"ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုနိုင်သလောက် စက်ရုံထွက် ဘိလပ်မြေနှင့် ကွန်ကရစ်လမ်း အပြည့်ဖြစ်အောင် ခင်းကျင်းသွားမှာပါ" ဟူသော စက်ရုံစီမံကိန်းညွှန်ကြားရေးမှူး၏ စကားသံကို ကြားယောင်နေမိပြီး မဝေးတော့သောကာလတွင် ပြီးပြည့်စုံလာမည့် လမ်းအခြေအနေကို မှန်းဆကြည့်မိသည်။

အပြန်ခရီးက နေဝင်ရီသရော။ တောင်စဉ်အေးရွာထိပ်မှ အရှေ့ဆီသို့ လည်ပြန်ကြည့်မိသည်။ အရှေ့ မိုးကုပ်စက်ဝိုင်းဆီတွင် ပုစွန်ဆီရောင်နေခြည်သန်းလျက်၊ ပျပျမြင်ရသော တောင်တန်းတွေ နောက်ခံထား၍ ဖြူလွလွ မီးခိုးငွေ့တို့ တလွင့်လွင့် မြင့်သည် ထက်မြင့်ရာသို့ . . . . ။

**ပြည်တွင်း ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ရန် တည်ဆောက်ပေးထားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဘိလပ်မြေစက်ရုံ (နေပြည်တော်) ကို တွေ့ရစဉ်။**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၇-၆-၂၀၁၀ (တနင်္လာနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ရတနသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ" ဟောကြားတော်မူသော တရားတော်
၆း၄၅ ပတ္တမြားမြေပေါ်မှ သီဂီရောင်မြင်ကွင်းများ
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉)**
၈း၃၀ Sports World [Contender (Portugal and Nigeria)]
၈း၅၅ ချင်းတောင်မှသာသနာ့အမွေခံ
၉း၂၅ Global Panorama
၁၀း၁၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဆွေတစ်ရာ မောင်တစ်ကျိပ်"
၁၀း၄၅ ဒို့တိုင်းဌာနီ ဧရာဝတီ (ကြီးမားဖွံ့ထွား ဧရာဝတီရဲ့ငါး)
၁၁း၁၀ ကလေးတေးသရုပ်ဖော် အစီအစဉ်
၁၁း၃၅ International ShowBiz
၁၁း၅၀ Activities In The City (အမျိုးသမီးများတွင်အဖြစ်များ သောကင်ဆာရောဂါအကြောင်း ဟောပြောပွဲ)
၁၂း၀၀ စာအုပ်ပြခန်း (စာရေးဆရာဒေါက်တာ ထွန်းဝင်းနှင့်တွေ့ဆုံခြင်း)
၁၂း၂၀ အလှကြွယ်တဲ့မြို့ပျော်ဘွယ်
၁၂း၄၀ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁း၀၀ "ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ" ဟောကြားတော်မူသော တရားတော်
၂း၀၀ MRTV-4 သတင်း
၂း၄၅ Celebrity Profile (Justin Timberlake)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉)**
၄း၀၀ မိုးအလှပန်းချီတေးကိုသီ
၄း၁၅ ဦးဆုံးအစဘဝရဲ့အလှ (ချစ်စနိုးဦးရဲ့ဦးဆုံးအစ ဘဝအလှ)
၄း၃၀ ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး (ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ) (ဒါရိုက်တာ- အကယ်ဒမီဆွေဇင်ထိုက်)
၄း၄၅ Activities In The City (အမျိုးသမီးများတွင်အဖြစ်များ သောကင်ဆာရောဂါအကြောင်း ဟောပြောပွဲ)
၄း၅၅ ကလေးတေးသရုပ်ဖော် အစီအစဉ်
၅း၁၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် (ရိုးရိုးလေး) (အကယ်ဒမီဖိုးကျော်၊ ချစ်ဖွယ်၊ မေမြတ်ဆွေ၊ ဒေါ်အောင်မြင့်ကြည်၊ အိဖြိုးချယ်ရီ) [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဒို့တိုင်းဌာနီ ဧရာဝတီ (ကြီးမားဖွံ့ထွား ဧရာဝတီရဲ့ငါး)
၆း၄၅ International ShowBiz
၇း၀၀ အနုပညာမိုးကောင်းကင်
၇း၂၅ စာအုပ်ပြခန်း (စာရေးဆရာဒေါက်တာ ထွန်းဝင်းနှင့်တွေ့ဆုံခြင်း)
၇း၄၀ ဦးဆုံးအစဘဝရဲ့အလှ (ချစ်စနိုးဦးရဲ့ဦးဆုံးအစ ဘဝအလှ)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Celebrity Profile (Justin Timberlake)
၉း၁၀ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉)**
၁၀း၀၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဆွေတစ်ရာ မောင်တစ်ကျိပ်"
၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် (ရိုးရိုးလေး) (အကယ်ဒမီဖိုးကျော်၊ ချစ်ဖွယ်၊ မေမြတ်ဆွေ၊ ဒေါ်အောင်မြင့်ကြည်၊ အိဖြိုးချယ်ရီ) [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
၁၁း၁၀ ချင်းတောင်မှ သာသနာ့အမွေခံ
၁၁း၄၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**ဖျာပုံမြို့နယ် အလင်းရောင် ပညာရေးအကျိုးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် သူငယ်တန်းမှ ဒသမတန်းအထိ ပညာသင်စရိတ်၊ ကျောင်းသုံးဖတ်စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၃ရက်က ဖျာပုံမြို့ အမှတ်(၁၅) ရွှေနတ်ကူဘုရားလမ်း ငြိမ်းချမ်းမင်္ဂလာခန်းမ၌ ကျင်းပရာ တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

# ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အားပေး

နေပြည်တော် ဇွန် ၆

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇွန် ၄ ရက်တွင် နေပြည်တော်ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။**

ရှေးဦးစွာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ နာယက တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မထသ (အဝေးပြေး)နှင့် တောင်ညို ယာဉ်လိုင်းအသင်းတို့ ဘော်လီဘော ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏(၂၀/၂၀၁၀) ကြိမ်မြောက် အစည်းအဝေးကို ညနေပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းမှူးတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်သွားကြရန် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကော်မတီ၊ ဆပ်ကော်မတီများအလိုက် ဆွေးနွေးတင်ပြကြပြီး တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၆

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၏ သုတေသနလုပ်ငန်းများ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားကာ လက်တွေ့ခန်းမများ၌ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ယင်းနောက် ဝန်ကြီးသည် ဒဂုံတက္ကသိုလ်သို့ရောက်ရှိပြီး အဆိုပါ တက္ကသိုလ် အစည်းအဝေးခန်းမ၌ တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများအား တွေ့ဆုံရာ တာဝန်ခံပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဌာနအလိုက် သုတေသနဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရူက္ခဗေဒဘာသာရပ်၊ သတ္တဗေဒဘာသာရပ်နှင့် ဓာတုဗေဒဘာသာရပ် လက်တွေ့စမ်းသပ်လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

### ရန်ကုန်အနောက်ပိုင်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ သွားရောက်ပြီး ဓာတုဗေဒနှင့် သတ္တဗေဒ ဘာသာရပ် လက်တွေ့စမ်းသပ်လုပ်ဆောင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများအား တွေ့ဆုံ၍ အကျိုးပြုသုတေသနလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သင်္ဃန်းကျွန်းပညာရေးကောလိပ်နှင့် ရန်ကင်းပညာရေးကောလိပ်တို့သို့ သွားရောက်၍ ကျောင်းအုပ်ကြီးနှင့်ဆရာ၊ ဆရာမများအား တွေ့ဆုံမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

### ရှင်းလင်းမှာကြား

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ် (ဝိဇ္ဇာခန်းမ)၊ တက္ကသိုလ်များ သိပ္ပံသုတေသနဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)၊ အင်္ဂလိပ်ဘာသာစကားအမျိုးသားဗဟိုဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန် ပညာရေးတက္ကသိုလ်တို့သို့ ရောက်ရှိပြီး သက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဘာသာရပ်ပါမောက္ခ/ဌာနမှူးများ၊ သုတေသနပညာရှင်များနှင့် တွေ့ဆုံ၍ သင်ကြားရေးအစီအစဉ်များ၊ နိုင်ငံ့ အကျိုးပြုသုတေသနလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားကာ ကျောင်းသား၊ကျောင်းသူများ အင်္ဂလိပ်စာသင်ယူနေမှုကို မေးမြန်းအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပါမောက္ခချုပ်၊ ဘာသာရပ်ပါမောက္ခ/ဌာနမှူးများ၊ သုတေသနပညာရှင်များအား တွေ့ဆုံမှာကြားစဉ်။**

(သတင်းစဉ်)

# Foremost နို့မှုန့်အသစ်များနှင့် မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၆**

Foremost နို့မှုန့်အသစ်များနှင့် မိတ်ဆက်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

Firesland Campina Vietnam ကထုတ်လုပ်ပြီး Firesland Foremost Thailand က တင်သွင်း၍ မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ် TZK Co., Ltd. က တင်သွင်းဖြန့်ဖြူးရောင်းချမည့် Foremost နို့မှုန့်များနှင့် ဈေးကွက်သို့မိတ်ဆက်ခြင်း အခမ်းအနားတွင် TZK Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်း**(ယာပုံ)**က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး တာဝန်ရှိသူများက Foremost နို့မှုန့်များနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ Foremost နို့မှုန့်များသည် ကလေးများ၏ အသက်အပိုင်းအခြားအလိုက် ရည်ရွယ်၍ ထုတ်လုပ်ထားပြီး ဦးနှောက်နှင့် ဉာဏ်ရည်မြင့်မားမှုအတွက် အကောင်းဆုံးနို့မှုန့်များ ဖြစ်ကြောင်း သိရသည်။ အသက်ခြောက်လမှ တစ်နှစ်အရွယ် ကလေးများအတွက် Foremost Step 2၊ အသက်တစ်နှစ်မှ သုံးနှစ်အရွယ်ကလေးများအတွက် Step 123 အဖြစ် တင်သွင်းရောင်းချလျက်ရှိပြီး ဝယ်ယူလိုသူများအနေဖြင့် အမှတ်(၈/၄၄) အာသောကလမ်း ဘုရင့်နောင်ပွဲရုံ ရန်ကုန်မြို့ ဖုန်း-၅၂၈၆၇၇၊ ၅၂၈၆၈၈၊ ၅၂၈၆၉၉၊ ၆၈၁၁၈၆၊ ၆၈၁၁၅၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ဝန်ကြီး ဦးသိန်းဆွေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း၌ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၆**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းသို့ ရောက်ရှိပြီး အသစ်တည်ဆောက်လျက်ရှိသော ကုန်တင်တွဲယာဉ်သစ်များနှင့် ကုန်တင်ရေယာဉ်သစ်များ၊ တန်ချိန် ၁၈၀၀ ကမ်းရိုးတန်းသွား ဆီတင်ရေယာဉ်များ အသစ်တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေ၊ ရေယာဉ်ဟောင်းများ နှစ်ပတ်လည်ကျင်းတင်ပြင်ဆင်ခြင်း၊ အရေးပေါ်ပြင်ဆင်ခြင်းနှင့် အကြီးစား၊ အသေးစား မွမ်းမံပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

ရေလှောင်တမံ၏အောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဆီဆုံကုန်းကျေးရွာအနီးတွင် တည်ရှိသည်။ ရဲနွယ် ရေလှောင်တမံကို ၂၀၀၆ခုနှစ် မတ် ၂၂ ရက်က ဖွင့်လှစ်ခဲ့ပြီး ရဲနွယ်ရေအားလျှပ်စစ် စက်ရုံကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က ဖွင့်လှစ်ပေးခဲ့သည်။ ရဲနွယ်ရေလွှဲဆည်ကို ၂၀၁၀ ခုနှစ် မတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

မိမိသတင်းအဖွဲ့သည် ရဲနွယ်ရေလွှဲဆည်ကို ကွင်းဆင်းလေ့လာရန် ပဲခူးမြို့မှ တစ်ဆင့် ဘုရားကြီးကိုဖြတ်၍ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးအတိုင်း ကားဖြင့်လာခဲ့ရာ မိုင် ၈၀ တွင် ကျောက်တံခါးမြို့နယ်သို့ရောက်ရှိပြီး လမ်းမကြီးမှ အနောက်ဘက် နှစ်မိုင် ဝင်ရောက်လာပါက ရဲနွယ်ရေလွှဲဆည် တည်ရှိရာသို့ ရောက်ရှိသည်။ ထို့နောက် ရဲနွယ်ရေလွှဲဆည်တွင် ဦးစီးအရာရှိ ဦးဝင်းမြင့်နှင့် တွေ့ဆုံခဲ့ပြီး ရဲနွယ်ရေလွှဲဆည်ကို သွားရောက် ကွင်းဆင်းလေ့လာခဲ့ကြသည်။ ရဲနွယ်ရေလွှဲဆည်သည် ပဲခူးတိုင်းအတွက် ၄၂ ခုမြောက် ဖွင့်လှစ်ခဲ့သော ဆည်ဖြစ်သည်။ ရဲနွယ်ချောင်းသည် ပဲခူးရိုးမမှ စီးဆင်းလာသောချောင်းဖြစ်၍ ရေစီးအားကောင်းသည်။ ရဲနွယ်ချောင်းပေါ်တွင် အလျား ပေ ၁၀၅၀၊ အမြင့် ၂၅၀ ပေနှင့် ရေလှောင်ပမာဏ ဧကပေ ၉၃၁၈၀၀ သိုလှောင်နိုင်မည့် မြေသားတမံတစ်ခု တည်ဆောက်ပြီး လယ်မြေဧက ၁၁၈၅၀၀ ခန့်၊ သီးနှံဧရိယာအားဖြင့် ဧက ၂၃၇၀၀၀ ခန့်ကို ရေပေးဝေစိုက်ပျိုးနိုင်ရန်နှင့် ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ် ထုတ်လုပ်သွားရန် တည်ဆောက်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ရဲနွယ်ရေလှောင်တမံမှ ပို့လွှတ်လိုက်သော စိုက်ပျိုးရေများကို လက်ဝဲတူးမြောင်းမှ ဧက ၁၀၅၅၀၀ နှင့် လက်ယာတူးမြောင်းမှ ဧက ၁၃၀၀၀ ပေးဝေမည်ဖြစ်ပြီး စုစုပေါင်း ဧက ၁၁၈၅၀၀ ရှိသည်။ တူးမြောင်းမကြီးအလျား စုစုပေါင်း ၇ ဒသမ ၁၁ မိုင်ရှိပြီး လက်ဝဲမြောင်းမကြီးအလျား ၂ ဒသမ ၅၀ မိုင်နှင့် လက်ယာတူးမြောင်းမကြီး ၄ ဒသမ ၆၆ မိုင်ရှိသည်။

လက်တံမြောင်းခွဲများ အရေအတွက် ၁၀၀ ရှိပြီး အရှည်စုစုပေါင်း ၃၀၉ မိုင်ရှိသည်။ စုစုပေါင်း တူးမြောင်းအဆောက်အအုံပေါင်း ၂၃၇၀ ရှိပြီး တူးမြောင်းလုပ်ငန်းများကို ၂၀၀၇-၂၀၀၈ ခုနှစ်က စတင် ဆောင်ရွက်ခဲ့ကြသည်။ ရေလွှဲဆည်လုပ်ငန်းများကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလက စတင်ဆောင်ရွက်ခဲ့ကြရာ ရေလွှဲဆည်အဆောက်အအုံလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ ရဲနွယ်ရေလွှဲဆည်တွင် ရေလျှံထိန်း တာပေါင် ပိတ်နိုင်ရန်အတွက် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃ ရက်က ယာယီရေထိန်းတမံပိတ်ပြီး ရေလျှံထိန်း တာပေါင်ဖို့ခြင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြရာ အားလုံး ပြီးစီးခဲ့ကြသည်။

ဦးစီးအရာရှိ ဦးဝင်းမြင့်က ရှင်းလင်းပြောကြားရာတွင် ရဲနွယ်ရေသောက်ဧရိယာများတွင် ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်ပါဝင်ပြီး ဧကပေါင်း တစ်သိန်းငါးသောင်းကျော်ခန့် ရရှိမည်ဖြစ်ကြောင်း၊ ညောင်လေးပင်က ပိုမိုရရှိမည်ဖြစ်ကြောင်း၊ မိုးကောင်းသောက်စပါးများနှင့် နွေစပါးများကို စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောဆိုပြီး ရေတံခါးများ မြောင်းမကြီးအတိုင်း ရေလွှတ်နေပုံကို လိုက်လံပြသသည်။ အဓိကမှာ နွေစပါးစိုက်ပျိုးနိုင်ရန်ဖြစ်သည်။ ရဲနွယ်ဆည်ရေသောက်ဧရိယာများနှင့် ဘိုင်းဒါး၊ ကောလိယဆည်ရေသောက် ဧရိယာများနှင့် ဆက်စပ်သွားမည်ဖြစ်၍ စိုက်ပျိုးမြေဧရိယာပိုမိုကျယ်ပြန့်လာမည်ဟု သိရှိရသည်။ ထိုဒေသများတွင် မိုးစပါးရိတ်သိမ်းပြီးလျှင် မတ်ပဲများ စိုက်ပျိုးကြသည်။ မတ်ပဲပြီးမှ နွေစပါးစိုက်ပျိုးကြသည်။ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မ ၁၁၀ ရွာသွန်း၍ မိုးကောင်းသော ဒေသဖြစ်ပြီး စပါးကို အားထားစိုက်ပျိုးကြသည်။ ရေလှောင်တမံအတွင်း နှစ်စဉ်စီးဝင်ရေသည် ဧကပေ ၈၆၁၀၀၀ ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၉၃၁၈၀၀ ရှိနေ၍ ရေအားလျှပ်စစ်ဓာတ်အား ၁၂၃ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ရန် လျာထားခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် ၁၅၁ ဒသမ ၆၈ ကီလိုဝပ် နာရီသန်းပေါင်းနှင့် ၂၀၀၉ ခုနှစ်တွင် ၁၄၂ ဒသမ ၃၀ ကီလိုဝပ် နာရီသန်းပေါင်း ပိုမို ထုတ်လွှတ်မှုပေးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရက ရဲနွယ်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးခဲ့၍ ယခုအခါ ရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ပေးခဲ့ပြီး တစ်ဖန် ရဲနွယ်ရေလွှဲဆည်ကို တည်ဆောက်နေစဉ်မှာပင် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းကိုပါ ဆောင်ရွက်ပေးခဲ့ပြီး လယ်မြေများသို့ အပိုင်းလိုက် တစ်ဆင့်ပြီးတစ်ဆင့် ရေပေးဝေနိုင်အောင် ဆောင်ရွက်လျက်ရှိသည်။ ရဲနွယ်ရေလှောင်တမံ၊ ရဲနွယ်ရေလွှဲဆည်ပါဝင်သော ရဲနွယ်ဘက်စုံစီမံကိန်း တည်ဆောက်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေး တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

**ရဲနွယ်ရေလွှဲဆည် ရေစတင်လွှတ်ပေးသော ရေပေးမြောင်းမကြီးကို တွေ့ရစဉ်။**

# မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇွန် ၆**

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၂၁)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "အောင်ဘာလေထီဈေးကွက်သည် ခေတ်ရေစီးကြောင်းနှင့်အတူ ပြောင်းလဲလျက်ရှိ၊ ဈေးကွက်ယှဉ်ပြိုင်မှုမှာလည်း အံ့သြစရာ ကြီးထွားလျက်ရှိ" မျက်နှာဖုံးဆောင်းပါး၊ မြို့တော်ဝန် ဦးအောင်သိန်းလင်း သီရိမင်္ဂလာ ကုန်စိမ်းဈေး ပြောင်းရွှေ့ရေး ဈေးသစ်တည် ဆောက်မှုစစ်ဆေး၊ ပြောင်းရွှေ့ရမည့် သီရိမင်္ဂလာကုန်စိမ်းဈေးကြီး၊ ချစ်ရပါသည် ဧရာဝတီ၊ ပြည်ပသို့ သစ်သီးဝလံတင်ပို့မည့်သူများကို အကူအညီပေးမည်၊ စွန့်ပစ်အမှိုက်များကြောင့် ငမိုးရိပ်ချောင်းရေ ညစ်ညမ်းမှုဖြစ်ပေါ် စသည့် သတင်း၊ သတင်းဆောင်းပါးများနှင့် အထူးသတင်းဓာတ်ပုံများ၊ လူထုစိန်ဝင်း၊ မောင်စူးစမ်း၊ မောင်ဝံသ၊ ကိုကိုလှိုင်နှင့် ဒေါက်တာအောင်ကိုကို(စီးပွားရေးပညာ စီးပွားရေးပေါ်လစီ)တို့၏ လေ့လာမှတ်သားဖွယ်ရသစုံ ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မြန်မာဒီမိုကရေစီကွန်ဂရက်ပါတီမှ တာဝန်ရှိသူများအကြောင်း ဖော်ပြထားသည့် သူတို့အမြင် သူတို့အကြောင်း၊ နိုင်ငံရေးပါတီ ၄၂ ပါတီရှိပြီ၊ ဆက်သွယ်နိုင်သော နိုင်ငံရေးပါတီများတို့ ဖော်ပြပါရှိသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေး သတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှား ထူးခြားဖြစ်ရပ်များနှင့် မင်္ဂလာဈေးပြောင်းရွှေ့လိပ်စာများ စသည့် ကဏ္ဍများ ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့ပြင် မုံရွာ ချင်းတွင်းရတနာဈေးကြီး မီးလောင်မှုဖြစ်ပွား၊ ရန်ကုန်မြို့ လျှပ်စစ်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်တော့မည်၊ ဆေးကုမ္ပဏီများက မင်္ဂလာဈေးအနီး ယာယီဆေးဆိုင်များ ဖွင့်လှစ်ရောင်းချပေး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များတွင် ခရီးသည်များ ဘေးအန္တရာယ်ကင်းရေးအတွက် အသက်ကယ်ပစ္စည်းများ ပြည့်စုံစွာ ထားရှိ၊ ဆင်ဆာမဲ့ ဒီဗွီဒီ၊ ဗွီစီဒီရောင်းသူ ငှားသူများကို ခေါ်ယူသတိပေး၊ ဇွန်မှစ၍ ဖော်ထုတ်အရေးယူသွားရန်ရှိ၊ မြန်မာ-တောင်ကိုရီးယား နှစ်နိုင်ငံ ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၉၄ဒသမ ၃၇ သန်းရှိ စသည့် စိတ်ဝင်စားဖွယ် သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

# မိုးစပါး အထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံကာကွယ်ရေး တောင်သူပညာပေးဆွေးနွေး

**သာယာဝတီ ဇွန် ၆**

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီမြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါး တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံကာကွယ်ရေး တောင်သူပညာပေးဆွေးနွေးပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု၌ ကျင်းပသည်။ ပညာပေးဆွေးနွေးပွဲသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးဌေးဝင်း တက်ရောက်ဆွေးနွေး အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

**ဆွေးနွေး**

တောင်သူပညာပေး ဆွေးနွေးပွဲသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစောသောသီ၊ မြို့နယ်မန်နေဂျာ ဦးသွင်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးအောင်ကျော်သိုက်တို့က ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါး တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများ၊ သီးနှံကာကွယ်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်သည့်လုပ်ငန်းများ၊ မျိုးကောင်း မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးကိစ္စများကို တောင်သူများအား ဆွေးနွေးသည်။

(ခရိုင်ပြန်/ဆက်)

**ရှင်းလင်းဆွေးနွေး**

**ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူး ဇွန် ၂ ရက်က မုံရွာမြို့ စီးပွားရေးတက္ကသိုလ်ခန်းမဆောင်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးစဉ်။**

(သတင်း-ဖော်ပြပြီး) (သတင်းစဉ်)

**ဇီဝမျိုးစုံ**
**မျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

## သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၆**

သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သာသနာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြကာ ပထမနေ့ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သာသနာရေးဝန်ကြီးဌာန၏ ဒုတိယနေ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကိုက တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ထပ်မံဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## မကွေး ခြေအသာဖြင့် ကမ္ဘောဇကို အနိုင်ယူ တန်းစီဇယားထိပ်ဆုံးသို့ ဧယျာဝတီမြေ ရောက်ရှိ

**ရန်ကုန် ဇွန် ၆**

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ မကွေး F.C က ကမ္ဘောဇအသင်းကို သုံးဂိုး-တစ်ဂိုး၊ ဗထူးကွင်းတွင် ဉဿာယူနိုက်တက်အသင်းက နေပြည်တော်အသင်းကို သုံးဂိုး - တစ်ဂိုးတို့ဖြင့် အနိုင်ရရှိသွားကြသည်။

**(သုဝဏ္ဏကွင်း)**

**မကွေး F.C - သုံးဂိုး**
(အဆိုလာဂျီ-နှစ်ဂိုး၊ အောင်မြင့်အေး-တစ်ဂိုး)

**ကမ္ဘောဇ F.C - တစ်ဂိုး**
(စိုးမြတ်မင်း-ပယ်နယ်တီ)

အမှတ်ပေးဇယား ထိပ်ပိုင်းသို့ရောက်ရန် ကြိုးစားနေသည့် မကွေးအသင်းမှာ ကမ္ဘောဇအသင်း၏ ထိပ်ဆုံးနေရာ ရယူရေးအိပ်မက်ကို ရိုက်ချိုးကာ နှစ်ပွဲဆက်နိုင်ပွဲရယူသွားခဲ့သည်။ Southern Myanmar အသင်းကို အနိုင်ရရှိခဲ့၍ စိတ်ဓာတ်တက်နေသည့် မကွေးအသင်းမှာ ယနေ့ပွဲတွင် ကမ္ဘောဇအသင်းကို ခြေအသာဖြင့် ကစားသွားပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မကွေးအသင်းမှာ ယနေ့ပွဲတွင် ရှေ့၊ လယ်၊ နောက် ဟန်ချက်ညီစွာ ကစားနိုင်ခဲ့ပြီး အဆိုလာဂျီနှင့် အောင်မြင့်အေးတို့ ဦးဆောင်သည့် တိုက်စစ်ပိုင်းက ခြေစွမ်းပြနိုင်ခဲ့သလို ကမ္ဘောဇတိုက်စစ်မှူးများကိုလည်း ခံစစ်ပိုင်းက အမှားမရှိအောင် ထိန်းချုပ်နိုင်ခဲ့သည်။ ဉာဏလွင်မှလွဲ၍ ကမ္ဘောဇအသင်း လူစုံပါဝင်လာသော်လည်း ကစားကွက်တည်မရ ဖြစ်နေ၍ မကွေးအသင်းက ဖိကစားနိုင်ခဲ့သည်။

ယခင်ပွဲများတွင် ခြေစွမ်းပြနိုင်ခဲ့သည့် ကမ္ဘောဇအသင်း ခံစစ်ပိုင်း ယခုပွဲတွင် မကွေးတိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ၂၇ မိနစ်တွင် အဆိုလာဂျီက ပထမဂိုးနှင့် ၃၁ မိနစ်တွင် အောင်မြင့်အေးက ဒုတိယဂိုးတို့ သွင်းယူသွားသည်။ ဒုတိယပိုင်းတွင်လည်း မကွေးအသင်းမှာ ပွဲကို ထိန်းကစားသွားပြီး တန်ပြန်တိုက်စစ်မှ ဂိုးရရှိရန် ကြိုးပမ်းခဲ့သည်။ ၆၆ မိနစ်တွင် မကွေးအသင်း တတိယဂိုး ရရှိသွားပြီး အဆိုလာဂျီက တစ်ကိုယ်တော်အစွမ်းပြကာ သွင်းယူခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းမှာ ချေပဂိုးရရှိရန် စိုးမြတ်မင်းနှင့် ကျော်သီဟတို့ကို ထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း မကွေးနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ကမ္ဘောဇအတွက် တစ်လုံးတည်းသော ချေပဂိုးကို ၈၃ မိနစ်တွင် ပယ်နယ်တီမှ တစ်ဆင့် စိုးမြတ်မင်းက သွင်းယူခဲ့သည်။

**(ဗထူးကွင်း)**

**ဉဿာယူနိုက်တက် - သုံးဂိုး**
(လစ်ပီလစ်ပီ-နှစ်ဂိုး၊ အော်တို-တစ်ဂိုး)

**နေပြည်တော် - တစ်ဂိုး**
(အရှုနာ)

**ယနေ့ပွဲ**
**(သုဝဏ္ဏကွင်း)**
**Delta United - Southern Myanmar**

(ကြေးမုံ)

**ဂိုးသွင်းကြိုးပမ်း**

**ကမ္ဘောဇအသင်းမှ အေးဆန်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မကွေး နောက်ခံလူ စန်ဆာ ဖျက်ထုတ်စဉ်။**
(ကြေးမုံ)

**အားကစားမြှင့်တင် စိတ်လန်းရွှင်**

## မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်

နေပြည်တော် ဇွန် ၆

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်း၊ ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်ပျဉ်းမနားတွင် ၁ ဒသမ ၀၆ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၆၃ လက်မ၊ တောင်ငူ(လေကြောင်း)တွင် ၃ ဒသမ ၃၉ လက်မ၊ မြင်းခြံမြို့တွင် ၂ ဒသမ ၂၅ လက်မ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၁၂ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် လားရှိုးမြို့တွင် ၁ ဒသမ ၃၀ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်တင့်မှ အားကောင်းနေသည်။

**ဇွန် ၇ ရက် ညနေထိခန့်မှန်းချက် ။ ။** ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။ ။** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။** အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | | |
|---|---|---|
| အမြင့်ဆုံးအပူချိန် | (၃၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ်)၉၅ ဒီဂရီဖာရင်ဟိုက် | ၅-၆-၂၀၁၀ |
| အနိမ့်ဆုံးအပူချိန် | (၂၅ ဒသမ ၀ ဒီဂရီစင်တီဂရိတ်)၇၇ ဒီဂရီဖာရင်ဟိုက် | ၆-၆-၂၀၁၀ |
| ၉း၃၀ နာရီအချိန်စိုထိုင်းဆ | ၇၂ ရာခိုင်နှုန်း | ၆-၆-၂၀၁၀ |
| နေပူသည့်နာရီပေါင်း | ၅ ဒသမ ၅ နာရီခန့် | ၅-၆-၂၀၁၀ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၆-၆-၂၀၁၀ | ၂၂မမ(၀. ၉၀လက်မ) | ၇မမ (၀. ၂၇လက်မ) | မရှိပါ |
| ၁-၁-၂၀၁၀ မှ | ၃၂၇ မမ | ၃၁၅မမ | ၃၂၈မမ |
| ယနေ့အထိ | (၂. ၈၇ လက်မ) | (၁၂. ၄၀ လက်မ) | (၁၂. ၉၁ လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၅-၆-၂၀၁၀ ရက် ၆း၃၀ နာရီအချိန်တွင် အနောက်မြောက်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။



ရဲနွယ်ရေလွှဲဆည်ကို ဆည်၏ အရှေ့ဘက်မှ တွေ့ရစဉ်။

# စစ်တောင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်စေမည့် ရဲနွယ်ရေလွှဲဆည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
ခင်မောင်သန်း(စက်မှု)

အဆင်အပြင်
ခင်မျိုးနိုင်

**နိုင်ငံတော်အစိုးရသည် စပါးနှင့် အခြားသီးနှံစုံ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးများကို ဆက်တိုက် အကောင်အထည်ဖော်ပေးလျက်ရှိရာ စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် ပါဝင်သည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကိုလည်း ဖော်ဆောင်ပေးခဲ့သည်။**

ရဲနွယ်ရေလှောင်တမံစီမံကိန်းတွင် ရေလှောင်တမံတည်ဆောက်ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းနှင့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းများ ပါဝင်သည်။ ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းသည် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနောက်ဘက် နှစ်မိုင်ခွဲခန့်အကွာတွင် တည်ရှိပြီး ရဲနွယ်ရေလွှဲဆည်သည်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

| မှတ်သားဖွယ်ရာ မိုးရေချိန်များ (၆-၆-၂၀၁၀) | | | |
|---|---|---|---|
| | နေပြည်တော်ပျဉ်းမနား<br>၁ ဒသမ ဝ၆ လက်မ | တောင်ငူ<br>၃ ဒသမ ၃၉ လက်မ | ဗန်းမော်<br>၂ ဒသမ ၁၂ လက်မ |
| | နေပြည်တော်(ရေဆင်း)<br>သုည ဒသမ ၆၃ လက်မ | မြင်းခြံ<br>၂ ဒသမ ၂၅ လက်မ | သထုံ<br>၁ ဒသမ ၆၅ လက်မ |